**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာ ဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့် ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၇)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ဆွေးနွေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) တွင် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ၌ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။

အဆိုပါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာ**

စာ - ၅ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂ ရက်)

## ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေး

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် လာမည့်ဒီဇင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲပြီးမြောက်သည်နှင့် နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှုအခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ မြေပေါ်မြေအောက်မြေသယံဇာတများ၊ ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းလိုက်ပါက နှစ်နိုင်ငံအတွက်သိသာသည့်ရလဒ်ကောင်းများဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ် **“မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင်ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို နှစ်နိုင်ငံအကြားစတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအလားအလာကောင်းများကြောင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာတိုးတက်လာခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင်ရှိသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်းလျက်ရှိသည်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ ဆန်၊ ပဲမျိုးစုံနှင့် နှမ်း စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံအချောထည် ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များ အဖြစ်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ဆုံစည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျတည်ရှိလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင်တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် အလားအလာကောင်းများရှိနေသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန်များကို အဓိကထားထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့တင်ပို့နိုင်သည့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များတွင် အရည်အသွေးကောင်းမွန်သည့် ပေါ်ဆန်းမွှေးကဲ့သို့ ဆန်အမျိုးအစားများလည်းရှိသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွက်လိုအပ်သည့်ပစ္စည်းများကို အမြဲတင်ပို့နိုင်ပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှာ ကာလရှည်ကြာရှိပြီးဖြစ်သည်။ လက်ရှိအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေခြင်းဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်စိတ်ပါဝင်စားပါက မြန်မာနိုင်ငံသို့လာရောက်၍ ဆွေးနွေးဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည်ဖြစ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အစွမ်းကုန်မြှင့်တင်ရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလာရောက်လုပ်ဆောင်ကြရန် ဖိတ်ခေါ်ခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့ အခြေခံပညာအထက်တန်းကျောင်း(ကဝ) ဆရာကျော့ခန်းမ၌ ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ကဝ)မှ ကျောင်းသား၊ ကျောင်းသူများက “မြန်မာ့ကျောင်း”သီချင်းဖြင့်ဖျော်ဖြေပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့်မြို့နယ်ပညာရေးမှူး ဦးလင်းအောင်တို့က ဂုဏ်ပြုအမှာစကားများပြောကြားသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(ကဝ)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဖုန်းမြင့်က ဂုဏ်ပြုဆုပေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာအထက်တန်းကျောင်း(ကဝ)မှ ထူးချွန်စွာအောင်မြင်ကြသည့် Grade-12 မှ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များနှင့် ရိုးရိုးအောင်မြင်သူ စုစုပေါင်း ၄၅ ဦး၊ ဂုဏ်ထူးများရရှိအောင် သင်ကြားပေးသော ဆရာ၊ ဆရာမ ရှစ်ဦး စုစုပေါင်း ၅၃ ဦးတို့အား မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိဘဆရာအသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြောင်း သိရသည်။

**အောင်ဖြူလင်း(၄၁၀)**

# မြိတ်မြို့နယ်၌ မိုးစပါးများရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မြိတ် စက်တင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံများစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ပျိုးမည့်လယ်ယာကေ ဧရိယာများရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြိတ်မြို့နယ်၌ တောင်သူများက မိုးစပါးထွန်ယက်စိုက်ပျိုးခြင်းများကို မေလကုန်ပိုင်းမှစတင်၍ လယ်ယာလုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ပြီး စိုက်ပျိုးရမည့်ရာသီအတွင်း အချိန်မီပြီးစီးစေရန် ဆောင်ရွက်ကြသည်။ တောင်သူများအား မိုးစပါးများစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းကောင်းပြီး ဝမ်းစာဖူလုံမှုရှိစေရန် သာမက မိသားစုဝင်ငွေများ တိုးပွားနိုင်ရေးအတွက် မိုးစပါးများမစိုက်ပျိုးမီအချိန်ကပင် ကြိုတင်၍ စိုက်ပျိုးရေးဌာနတို့မှ စိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပို့ချပေးခြင်းများ၊ ရက်တိုသင်တန်းပေးခြင်းများနှင့် စိုက်ပျိုးရေးကွင်းသရုပ်ပြသခြင်းများဆောင်ရွက်ပေးသည်။

မြိတ်မြို့နယ်၌ တောင်သူများသည် မိုးစပါးများစိုက်ပျိုးရာတွင် ဒေသမျိုးကွဲများအပြင် သီးနှံအထွက်နှုန်းကောင်း မျိုးစပါးများကို ရွေးချယ်စိုက်ပျိုးလေ့ရှိကြပြီး ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများ၌ မိုးစပါးစံပြစိုက်ကွက်များနှင့် မျိုးကောင်းမျိုးသန့်မျိုးစပါးများစိုက်ပျိုးကြသည်။

တောင်သူများသည် အများအားဖြင့် ဒေသရေခံမြေခံနှင့်ကိုက်ညီသော မျိုးစပါးများဖြစ်ကြသည့် ဧည့်မထ၊ ထားဝယ်သူမ၊ ပေါ်ဆန်းမွှေး၊ သုံးသွယ်မွှေး၊ ဆင်းသုခ၊ မနောသုခ၊ ငါးရာကျော်၊ တောင်ပြန်၊ ပေါ်လခဲ၊ ရော့ရွှေ ရွှေဝါထွန်း၊ ရတနာတိုး၊ သီးထပ်ရင် စသည့်မျိုးစပါးများကို စိုက်ပျိုးကြပြီး ယခုနှစ်များတွင် အထွက်နှုန်းကောင်း GW-11 မျိုးစပါးများကိုလည်း စိုက်ပျိုးလာကြကြောင်း သိရသည်။

(၄၁၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂-၉-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

## MWD Education, Knowledge & Sports Channel

၂-၉-၂၀၂၅(အင်္ဂါနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၂၀ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၄၀ | Grade - 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၆:၄၀ - ၁၇:၃၀ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၇:၃၀ - ၁၉:၀၀ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရိုန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၂၄၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၂၄၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် စပါး ၆၁၂၀၄ ဧက၊ ဖူးစားပြောင်း ၂၂၈၆ ဧက၊ နှံစားပြောင်း ၂၉၁ ဧက၊ ပဲတီစိမ်း ၆၄၀၉ ဧက၊ ပဲစင်းငုံ ၆၆၁၁ ဧက၊ ပဲကြီး ၁၁၄၃ ဧက၊ တခြားပဲ ၁၁၂ ဧက၊ ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက၊ ချည်မျှင်ရှည်ဝါ ၄၅၆၅ ဧက၊ ကြံ ရှစ်ဧက၊ ထန်း ၂၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ ငရုတ် ၅၅၂ ဧက၊ တခြားစားသုံးသီးနှံ ၄၃၉၅ ဧက၊ ပရဆေး(လျှော်ဖြူ) ၂၅၇ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၅၄၄၄ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၄၇ ဧက၊ စားသုံးခြင်းမပြုသည့် သီးနှံ ၆၃၆ ဧက၊ အစေ့ကျားကြက်ဆူ ၅၈ ဧက စုစုပေါင်း သီးနှံစုံ ၁၂၄၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ သီးနှံစုံ ၁၄၀၃၄၅ ဧကလျာထားစိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ၁၂၄၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး သီးနှံအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းဖို့၊ အရည်အသွေးကောင်းမျိုးတွေကို စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ အဆင်ပြေအောင် သက်ဆိုင်ရာဆက်စပ်ဌာနတွေက ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားရေရိက္ခာ ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေပိုမိုရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဟသ်ာတမြို့နယ်၌ ငှက်ပျောသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဟသ်ာတ စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာခရိုင် ဟသ်ာတမြို့နယ်၌ ငှက်ပျောသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှ ငှက်ပျောသီးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဇာဇာ၏ပြောကြားချက်အရ သိရသည်။

ဟသ်ာတမြို့နယ်ဒေသဈေးကွက်၌ ယခုနှစ် ဩဂုတ်လနောက်ဆုံးပတ်မှစ၍ ငှက်ပျောသီးအစုံ ဝယ်လိုအားကောင်းမွန်လာကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ငှက်ပျောသီးအဖီးရေ ၄၀၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အရောင်းအဝယ်ကောင်းမွန်နေသည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ခွံနီ၊ ရွှေငှက်ပျော စသည့် ငှက်ပျောသီးအမျိုးအစားများဖြစ်ကြောင်း သိရသည်။

''ဟသ်ာတမြို့နယ်ကနေထွက်ရှိတဲ့ ငှက်ပျောသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေပါတယ်။ လက်ရှိ ငှက်ပျောသီးအဖီးရေ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ငှက်ပျောသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဓာတုကင်းလွတ်ပြီး သန့်ရှင်းလတ်ဆတ်မှုရှိပါတယ်" ဟု ဒေါ်ဇာဇာကပြောသည်။

ဟသ်ာတမြို့နယ်၌ လက်ရှိ ငှက်ပျောသီးအပါအဝင် ဒေသထွက်ကုန်စိမ်းသီးနှံများ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါဒေသထွက်ငှက်ပျောသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာကြောင်း၊ ဒေသထွက်ကုန်များကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် သယ်ယူစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်းလတ်ဆတ်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။ **သုတကျော်**

# ယခုဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်အတွင်း ကျေးလက်ကုန်ထုတ်လမ်း ခုနစ်လမ်းနှင့် ကျေးရွာတွင်းကွန်ကရစ်လမ်းနှစ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်မည်

မိတ္ထီလာ စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ယခုဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်အတွင်း ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ခုနစ်လမ်းနှင့် ကျေးရွာတွင်းကွန်ကရစ်လမ်း နှစ်လမ်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဒေသတွင်းရှိ စိုက်ခင်းများမှထွက်ရှိသော သီးနှံထွက်ကုန်များကို အလွယ်တကူသယ်ယူနိုင်ပြီး ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းများနှင့် ကျေးရွာတွင်းကွန်ကရစ်လမ်းများကို ဖော်ဆောင်ရန်စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

“မိတ္ထီလာခရိုင်မှာ ဒီဘဏ္ဍာနှစ်အတွင်း ကုန်ထုတ်လမ်း ခုနစ်လမ်းကို မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်နဲ့ သာစည်မြို့နယ်တွေမှာ ဖောက်လုပ်ပေးဖို့လျာထားပါတယ်။ မိတ္ထီလာမြို့နယ်မှာ သုံးလမ်း၊ ဝမ်းတွင်းမြို့နယ်မှာ နှစ်လမ်းနဲ့ သာစည်မြို့နယ်မှာ နှစ်လမ်းဖောက်လုပ်သွားပါမယ်။ အဲဒီကုန်ထုတ်လမ်းတွေကို တင်ဒါအောင်မြင်တဲ့ကုမ္ပဏီခုနစ်ခုနဲ့ စုစုပေါင်းလမ်းအရှည် ခုနစ်မိုင်ကျော် ဖောက်လုပ်မှာဖြစ်ပြီး လက်ရှိမှာ ပထမတစ်လွှာစီခင်းပြီးသွားပါပြီ။ ဒ့ါပြင် အခုဘဏ္ဍာနှစ်မှာ ကျေးရွာတွင်းကွန်ကရစ်လမ်းနှစ်လမ်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းကပြောသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ကုန်ထုတ်လမ်းများကို ပြည်ထောင်စုခွင့်ပြုငွေဖြင့် ငါးလမ်းနှင့် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် ငါးလမ်း စုစုပေါင်း ကုန်ထုတ်လမ်း ၁၀ လမ်းဖောက်လုပ်ပေးရန် ရည်မှန်းထားကြောင်း သိရသည်။

ထို့ပြင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်စေရန်၊ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှုမရှိစေရန်နှင့် စနစ်တကျရေသုံးစွဲနိုင်စေရန် ယခုဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

လူငယ်က သူ၏အထုပ်ထဲမှတွေ့ရှိသော ရွှေချောင်းများဖြစ်၍ သူ၏ပစ္စည်းဖြစ်ကြောင်း ဝန်ခံပြောဆိုပါလျက်နှင့်ပင် အမှုထမ်းများက ကျွန်ုပ်ကိုမလွှတ်သေးဘဲ "ဒီဟာ ဆရာကြီးပစ္စည်းလား၊ ခင်ဗျားပစ္စည်းဟုတ်ရဲ့လား" စသည်ဖြင့် အကြိမ်ကြိမ်အထပ်ထပ် စစ်မေးလျက်ရှိ၏။ ထိုအတောအတွင်း၌ လူများသည် ကျွန်ုပ်တို့နှစ်ယောက်ကို ချောင်းမြောင်းကြည့်ရှုနေကြ၏။ လူငယ်က"ကျွန်တော့်ပစ္စည်းပါဆိုမှဗျာ၊ ခင်ဗျားတို့က ဆရာကြီးကိုမေးလားမြန်းလား ဒုက္ခမပေးကြပါနဲ့" ဟု ပြောပေ၏။ ထိုအချိန်တွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးသည် တခြားအခန်းတစ်ခုတွင်ထိုင်လျက်ရှိ၍ ကျွန်ုပ်ကိုတတ်နိုင်သမျှ အနှောင့်အယှက်ပေးဖို့ အမှုထမ်းများအား မျက်ရိပ်ပြထားလေသလောဟူ၍ပင် ကျွန်ုပ်သင်္ကာမကင်းရှိလာလေပြီ။ ခရီးသည်များသည် ယူဘီအေဘတ်စကားကြီးပေါ်သို့ တက်ကုန်ကြပြီဖြစ်ရာ လူငယ်နှင့် ကျွန်ုပ်နှစ်ယောက်တည်းသာ ကျန်လေတော့သည်။ ကျွန်ုပ်မှာ ဘတ်စကားကို မမီလိုက်လျှင် (နေကလည်းဝင်၊ မိုးကလည်းရွာ၊ အကြိုအဆိုကလည်း မရှိသဖြင့်)တစ်ယောက်တည်း ဒုက္ခရောက်ရချေတော့မည်ဆိုကာ စိတ်ပေါက်လာသည်နှင့် "ဟေး လူတွေ၊ ဘာလုပ်ကြတာလဲ၊ ရွှေချောင်းဥစ္စာရှင်ရှိလျက်နဲ့ ငါ့ကို ဘာပြုလို့ တားဆီးထားနိုင်သလဲ" ဟု အော်ငေါက်သည်တွင်မှ အမှုထမ်းများသည်တစ်ယောက်၏ မျက်နှာကို တစ်ယောက်ကြည့်ပြီး ကျွန်ုပ်ကိုသွားခွင့်ပြုလိုက်ကြသည်။

ဘတ်စကားလည်း ထွက်တော့မည့်ဆဲဆဲရှိနေရာ ကျွန်ုပ်သည် လူထုမအမာက လက်ဆောင်ပါးလိုက်သည့်သရက်သီးခြင်းတောင်းလေးကိုဆွဲပြီး ဘတ်စကားပေါ်သို့ အပြေးအလွှားတက်ရပါသည်။ ကျွန်ုပ်၏ စိတ်ထဲ၌ ဗိုလ်ခင်မောင်ကလေးသည် အခန်းထဲမှ ချောင်းကြည့်ပြီး ကျွန်ုပ်၏ဒုက္ခရောက်ပုံများကို ရယ်လျက်ရှိသည်ဟုထင်မိသည်။ (လူထုမအမာကား လက်ဆောင်ပါးခြင်းနှင့်ပတ်သက်၍ ရှာရှာဖွေဖွေ စိတ်ကူးရသော မိန်းကလေးတစ်ယောက်ဖြစ်၏။ တရုတ်ပြည်သို့သွားစဉ်ကလည်း သံအမတ် ဦးလှမောင်အတွက်ဆို၍ လက်ဖက်စို၊ ကြက်သွန်ကြော်၊ နှမ်းဆီပုလင်းတို့ကို ခြင်းတောင်းတစ်ခုတွင် ကိုးရိုးကားရားထည့်ပြီး လက်ဆောင်ပါးလိုက်ရာ ဘန်ကောက်၊ ဟောင်ကောင်၊ ကွမ်းတုံ စသောနိုင်ငံခြားမြို့များ တစ်လျှောက် ဖြတ်သန်းသွားရစဉ် လမ်းတွင် ပစ်ချထားခဲ့ဖို့ ဆယ်ကြိမ်မက စိတ်ကူးမိသည်။ ပီကင်းသို့ရောက်၍ သံအမတ် ဦးလှမောင်သို့ လက်ဆောင်ပေးလိုက်ရာတွင် ဦးလှမောင်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ခွဲပေးသည်ကိုမြင်ရသဖြင့် "တော်ပါသေးရဲ့၊ ငါလည်းစားရဦးမှာပဲ"ဟု ဖြေဆည်မိသည်။ နောက်တစ်နေ့တွင် ခံတွင်းချဉ်သည်နှင့်"ကျွန်တော့်ကို လက်ဖက်တစ်ရိုးပေးပါဆရာ" ဟု တောင်းမိရာ ဆရာကြီးက "ဟေ့ မရှိဘူးကွ၊ ဦးပဥ္စင်းတွေကို ငါ အကုန်လှူလိုက်ပြီ" ဟု ပြန်ပြောသဖြင့် "ပက်လက်လန်ကျန်ရစ်သည်"ဟူသော ငယ်စဉ်က သီချင်းတစ်ပိုဒ်ကို သတိရမိသည်။)




## ကံဆိုးသော မေလ ၁၀ ရက်

ကျွန်ုပ်တည်းခိုသော ညီတော်မောင်၏နေအိမ်သို့ရောက်၍ လူထု၏အမှုတွင် သက်သေခံရန်အတွက် နှစ်ရက်၊ သုံးရက်မျှ နေထိုင်လျက်ရှိစဉ် အစိုးရစုံထောက်များသည် နေ့တိုင်းလိုပင် ကျွန်ုပ်အကြောင်းကို လာရောက်မေးမြန်းကြသည်ဆို၏။ ကျွန်ုပ်နှင့်ကား တစ်ခါမှမတွေ့ရပါ။ ဤတွင် ကျွန်ုပ်သည် လေယာဉ်ပျံပေါ်၌ မြင်လိုက်ရသည့် ဗိုလ်ခင်မောင်ကလေး၏မျက်နှာထားကိုသတိရ၍ ပြည်ထဲရေးဝန်ကြီးကား လေယာဉ်ပျံရုံထဲတွင် ငါ့ကိုညှဉ်းရုံနှင့် ကျေနပ်သေးပုံမပေါ်ဟု စဉ်းစားမိပါသေးသည်။ အမှုတွင် သက်သေခံပြီးနောက် ကျွန်ုပ် မန္တလေးသို့ ပြန်သောအခါ ရန်ကုန်ဘူတာကြီး၌ ရထားတွဲထဲ၌ ထိုင်လျက်ရှိစဉ် လူနှစ်ယောက်သည် မလှမ်းမကမ်းမှ ကျွန်ုပ်ကိုကြည့်လျက် သူတို့အချင်းချင်း စကားပြောကြခြင်းကိုမြင်ရ၏။ စိတ်ထဲ၌ ထိတ်လန့်လောက်အောင်မရှိသော်လည်း သူတို့၏မျက်နှာများသည် ကျွန်ုပ်အား ရွှင်မြူးခြင်းမဖြစ်စေသည်ကို ဝန်ခံရပါမည်။ မန္တလေးသို့ ချောမောစွာ ဆိုက်ရောက်သွား၍ ဒို့ဘုရင် ဦးဘရင်သည် ကျွန်ုပ်၏အိမ်သို့လာပြီး မနက်ဖြန် နံနက်စောစောတွင် ကမ္ဘာ့ငြိမ်းချမ်းရေးအသင်းတစ်ခုဖွဲ့စည်းရန်အတွက် မတ္တရာမြို့သို့သွားကြဖို့ပြောသဖြင့် ကျွန်ုပ်ကလိုက်ရန် သဘောတူလိုက်ပါသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်သည် နံနက်စောစောထ၍ မတ္တရာသို့သွားရန်အတွက် အဝတ်များလဲလှယ်ပြင်ဆင်လျက်ရှိစဉ် အိမ်ရှေ့၌ ဂျစ်ကားတစ်စီးဆိုက်လာသည်နှင့်ကျွန်ုပ်က "လာပြီဗျို့ ဦးဘရင်"ဟု လှမ်းပြောလိုက်သေး၏။ သို့ရာတွင် ဂျစ်ကားကိုကြည့်လိုက်သောအခါ၌ ဦးဘရင်၏ဂျစ်ကား မဟုတ်သည့်အပြင် ဦးဘရင်မဟုတ်ဘဲ တခြားလူနှစ်ယောက်၊ သုံးယောက်ကို မြင်ရသည်နှင့် "ဘယ်သူတွေပါလိမ့်" ဟု စဉ်းစားနေမိသေး၏။ သို့သော် ကြာရှည်စွာစဉ်းစားဖို့မလိုချေ။ ဖော်ပြခဲ့ပြီးသည့် အဖြစ်အပျက်များကြောင့် အမှန်ကို ရုတ်တရက်တွေးဆနိုင်ပါသည်။ ဌာနအုပ်တစ်ယောက်သည် အရပ်လူကြီးကိုခေါ်ခဲ့၍ ကျွန်ုပ်ကိုဖမ်းရန်လာခြင်းဖြစ်လေသည်။ ဤနေ့သည်ကား မေလ ၁၀ ရက်ဖြစ်ရာ ၁၉၄၂ ခုနှစ်က ကျွန်ုပ်အား ချန်ကေရှိတ်၏တရုတ်ဖြူများ ဖမ်းသွားခြင်းမှာလည်း မေလ ၁၀ ရက်ပင်ဖြစ်သောကြောင့် ဤနေ့ဤရက်သည် ကျွန်ုပ်အဖို့ ကံမကောင်းသောနေ့ရက်ဟူ၍ အမှတ်အသားပြုမိသည်နှင့် နှစ်တိုင်း ဤနေ့ဤရက်တွင် ဘာမှုနှင့်များဖမ်းကြဦးမည်နည်းဟု သတိရမိပါသည်။

## မိတ်ဆွေများလိုက်ပို့ခြင်း

မျှားမကြာမီ ဦးဘရင်၏ဂျစ်ကားလည်း ဆိုက်ရောက်လေရာ အဖမ်းအဆီးနှင့်ပတ်သက်၍ အဆန်းမဟုတ်သော ဦးဘရင်အဖို့မှာ မျက်နှာပျက်လှအောင် မရှိသော်လည်း နောက်ထပ်ရောက်လာကြသည့် ဆရာလွှင်နှင့် လူထုမအမာတို့မှာ မျက်နှာထားပြောင်းလဲခြင်းရှိသည်ကို သတိပြုလိုက်မိသည်။ လူထုမအမာမှာမူ "တစ်ယောက်တည်းမှ ဟုတ်ပါလေစ၊ ငါပါ ပါလေသေးသလား"ဟု စဉ်းစားမိလေသလောမပြောတတ်ပေ။ ကျွန်ုပ်အဖို့ အိပ်ရာလိပ်နှင့် ရွက်ဖျင်ကုလားထိုင်ကို ဂျစ်ကားပေါ်သို့တင်ပြီးနောက် ဇနီးမစိုးနှင့်မိတ်ဆွေများသည် ကျွန်ုပ်အား ထောင်ကြီးသို့လိုက်ပို့ကြ၏။ ကျွန်ုပ်မှာ တရားအားထုတ်ထားသူတစ်ယောက်ဖြစ်သည့်အလျောက် ဤမျှလောက်သော လောကဓံအတွက် ပြင်ဆင်ပြီးဖြစ်၍ ကြံ့ကြံ့ခံဖို့အသင့်ရှိပါ၏။ သို့ရာတွင် တချို့လူများကဲ့သို့ ပြုံးပြုံးရွှင်ရွှင်နှင့်ခံသည်ဟူ၍ကား မဆိုနိုင်ပါ။ ဤအကြောင်းနှင့်ပတ်သက်၍ လောကဓံခံပုံခံနည်းချင်း တစ်မျိုးစီရှိနေကြပုံကို ရှင်းပြရပါဦးမည်။

## ခံရပုံ အမျိုးမျိုး

စိတ်ပျော့၍ခံနိုင်ရည်မရှိသော လူများသည် အဖမ်းအဆီးခံရခြင်း၊ ဒုက္ခတစ်ခုခုတွေ့ရခြင်း စသောလောကဓံမျိုးနှင့်တွေ့ကြုံရသည့်အခါ မျက်နှာငယ်နှင့် ဟိုလူကိုမာန်၊ သည်လူကိုမဲ စသည်ဖြင့် လုပ်တတ်ကြ၍ အလွန်ညံ့သူများကား မျက်ရည်လေးကလယ်ကလယ်ဖြစ်တတ်ကြ၏။ ဤသည်တို့ကား လူညံ့များ၏လက္ခဏာများဟူ၍ နားလည်ကြသည့် အလျောက် သတိကောင်းသောလူများသည် ထိုကဲ့သို့ မဖြစ်မိစေရန် ကြိုးစားကြလေသည်။ ယင်းသို့ကြိုးစားရာတွင် တစ်ဖက်စွန်းသို့ရောက်သွားသူများလည်း ရှိကြ၏။ အနောက်တိုင်းသားများက ဒုက္ခတွေ့လျှင် (Grin and bear) သွားဖြဲပြီး ခံတတ်ရမည်ဟုဆိုကြ၏။ ဤအပြုအမူသည် မျက်နှာငယ်နှင့်ခံခြင်းမျိုးထက် ကောင်းမွန်ခြင်းကား ယုံမှားဖွယ်ရာမရှိပါပေ။ သို့ရာတွင် ကျွန်ုပ်၏ အယူအဆမှာ သွားဖြဲပြီး ရယ်ရယ်ပြုံးပြုံးနှင့်ခံခြင်းသည် ဟန်လုပ်ခြင်းတစ်မျိုးဖြစ်သည်ဟုဆိုချင်၏။ သို့သော် ဟန်မလုပ်နိုင်ဘဲ မျက်ရည်ဝိုင်းခြင်းထက် ဟန်လုပ်ပြီး သွားဖြဲနိုင်ခြင်းက ကောင်းခြင်းကိုဝန်ခံရန်အသင့်ရှိပါ၏။ သို့နှင့်လည်း သွားဖြဲ၍ခံခြင်းသည် ဟန်လုပ်ခြင်းသဘောမျိုး ပါရှိသည့်အတွက်ကြောင့် အကောင်းဆုံးသော ခံနည်းဖြစ်သည်ဟု ကျွန်ုပ်မယူဆပါ။ ကျွန်ုပ်၏ထင်မြင်ချက်မှာကား လောကဓံရှစ်ပါးကို အောင်မြင်သည်ဆိုသော ရဟန္တာပုဂ္ဂိုလ်များသည် ဒုက္ခအကြီးအကျယ်တွေ့ကြုံရသောအခါများ၌ သွားဖြဲပြီး ခံကြသည်မထင်ပါ။ တုန်လှုပ်ခြင်း၊ ညှိုးငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ နှလုံးမသာယာခြင်း၊ ပူပန်ခြင်း စသည့်အမူအရာလက္ခဏာမျိုး အလျဉ်းကင်း၍ ငြိမ်သက်ကြည်လင်သော မျက်နှာထားမျိုးဖြင့် ဣန္ဒြေရရခံတော်မူကြသည်ဟု ထင်မြင်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ပခုက္ကူမြို့နယ်အဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ပခုက္ကူ စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၃၁ ရက်က ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသက်ထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။


ထို့နောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ တတိယလုပွဲအဖြစ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ရောဂုဏ်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ယှဉ်ပြိုင်ကစားကြရာ ရောဂုဏ်ကိုယ်ပိုင်အထက်တန်းကျောင်းက ပယ်နယ်တီ အဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပညာစိုးစံကိုယ်ပိုင်အထက်တန်းကျောင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းက သုံးဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲကြကြောင်း သိရသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။



**ဘာမီသာ(ပခုက္ကူ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တီယန်ကျင်းဆိပ်ကမ်းမှ AI စနစ်သုံး ကွန်တိန်နာတင်ဆောင်သည့်ယာဉ်များဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) အထိမ်းအမှတ်အဖြစ် SCO စာလုံးအား သရုပ်ဖော်ပြသမှုကိုကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တီယန်ကျင်းမြို့ရှိ Tengle Hotel မှနေ၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် မြို့ပြဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တီယန်ကျင်းဆိပ်ကမ်းသို့ရောက်ရှိကြရာ ဆိပ်ကမ်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆိပ်ကမ်းတာဝန်ခံက တီယန်ကျင်း ဆိပ်ကမ်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆိပ်ကမ်းမှတာဝန်ရှိသူတစ်ဦးက ဆိပ်ကမ်းဆိုင်ရာအချက်အလက်များ၊ တီယန်ကျင်းဆိပ်ကမ်းမှနေ၍ ပြည်တွင်းနှင့် နိုင်ငံတကာသို့ ကုန်ပစ္စည်းများ ပို့ဆောင်လျက်ရှိမှုနှင့်နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ဆိပ်ကမ်းတည်ဆောက်ခဲ့မှုအခြေအနေများနှင့် AI စနစ်အသုံးပြု၍ ကွန်တိန်နာများအား သယ်ယူပို့ဆောင်ခြင်းများဆောင်ရွက်လျက်ရှိမှု၊ ကာဗွန်ကင်းစင်သည့် ဆိပ်ကမ်းအဖြစ် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လေအားလျှပ်စစ်ဖြင့် လုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များမေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများအား သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဆိပ်ကမ်းမှ AI စနစ်သုံး ကွန်တိန်နာတင်ဆောင်သည့် ယာဉ်များဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) အထိမ်းအမှတ်အဖြစ် SCO စာလုံးအား သရုပ်ဖော်ပြသကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ဆိပ်ကမ်းတာဝန်ခံနှင့်လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်သည်။

အဆိုပါ တီယန်ကျင်းဆိပ်ကမ်းသည် တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကအထူးစီးပွားရေးဇုန်ဖြစ်သည့် Tianjin မြူနီစီပယ်အုပ်ချုပ်ရေးဒေသ၏ Binhai New Area (BNA) ခရိုင်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး Haihe မြစ်အနီး Bohai ပင်လယ်အော်အနောက်ဘက်ကမ်း တီယန်ကျင်းမြူနီစီပယ်အုပ်ချုပ်ရေးဒေသတွင် တည်ရှိကြောင်း၊ အဆိုပါဆိပ်ကမ်းအား တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကထောက်ပံ့နှင့်ပို့ဆောင်ရေးအချက်အချာနေရာအဖြစ် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းအား ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရေနက်ပင်လယ်ဆိပ်ကမ်း (Deep– Water Seaport/Riverport) အမျိုးအစားဖြစ်ကြောင်း၊ ကုန်းမြေဧရိယာ ၁၂၁ စတုရန်းကီလိုမီတာအပါအဝင် စုစုပေါင်း ၄၇၀ စတုရန်းကီလိုမီတာကျယ်ဝန်းကြောင်း၊ ထုတ်လုပ်ရေးဆိုက်ကပ်နေရာ ၁၄၀ ခုအပါအဝင် ဆိုက်ကပ်နေရာစုစုပေါင်း ၂၁၇ ကျော်ရှိကြောင်း၊ ကွန်တိန်နာများကို တင်ချခြင်းများဆောင်ရွက်ရာတွင် AI စနစ်ကိုအသုံးပြု၍ လုပ်ငန်းများကိုဆောင်ရွက်နေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ တီယန်ကျင်းဆိပ်ကမ်းသည် ရေအနက် ၂၂ မီတာ(၇၇) ပေရှိပြီး တန်ချိန် ၃ သိန်းရှိကြီးမားသောသင်္ဘောကြီးများ ဆိုက်နိုင်ကြောင်း၊ နှစ်စဉ်ကုန်စည်တင်ပို့မှုအနေဖြင့် တန်ချိန်သန်း ၅၀၀ ကျော်နှင့် ကွန်တိန်နာ ၁၃ သန်းကို တင်ပို့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ဒေသနှင့်ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး တရုတ်နိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာ၏ ထက်ဝက်ကျော်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ တာရိခ် ကာရီးမ် အားခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂**

မစ္စတာ တာရိခ် ကာရီးမ်ကို ၁၉၇၄ ခုနှစ် ဧပြီလ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့ရှိ ကွေ့အီအာဇမ်တက္ကသိုလ် (Quaid–i–Azam University) မှ ပတ်ဝန်းကျင်သိပ္ပံဆိုင်ရာမဟာဘွဲ့(M. Phil)နှင့်ဇီဝသိပ္ပံဆိုင်ရာမဟာဘွဲ့(M.Sc.)ကိုလည်းကောင်း၊ ပန်ဂျပ်တက္ကသိုလ် (University of Punjab)မှသမိုင်းပညာဆိုင်ရာမဟာဘွဲ့ကိုလည်းကောင်းရရှိခဲ့ပြီး ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ တစ်နှစ်ကြာ သံတမန်ရေးရာ ဘွဲ့လွန်သင်တန်းကို တက်ရောက်အောင်မြင်ခဲ့သည်။ ၎င်းသည် Moscow State University မှ ရုရှားဘာသာစကားကိုလည်း လေ့လာသင်ကြားခဲ့သည်။

မစ္စတာ တာရိခ် ကာရီးမ် သည် ၂၀၀၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ရုရှားနိုင်ငံ မော်စကိုမြို့၊ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့၊ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ စသည့် ပါကစ္စတန်သံရုံးများတွင် တတိယအတွင်းဝန်မှ သံမှူးအထိလည်းကောင်း၊ ဓာတုလက်နက်တားဆီးရေးပိတ်ပင်ရေးအဖွဲ့ဆိုင်ရာ ပါကစ္စတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးဆဲရှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပါကစ္စတန်နိုင်ငံကိုယ်စားပြု မဟာမင်းကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကုလသမဂ္ဂဌာနနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အလယ်အာရှနိုင်ငံများဌာနတို့တွင်လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာနနှင့် တရုတ်၊ ဂျပန်နှင့်ကိုရီးယားဌာနတို့တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ စီးပွားရေးဆိုင်ရာသံတမန်ရေးရာဌာနနှင့် အစ္စလာမ်မစ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၂ ခုနှစ် မေလမှစ၍ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ပါကစ္စတန်ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ တာရိခ် ကာရီးမ် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

မြဝတီ

# ဧရာဝတီတိုင်းဒေသကြီး Polytechnic University(Maubin)၊ ရန်ကုန်တိုင်းဒေသကြီးရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော်  စက်တင်ဘာ  ၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီးရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့်ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ခြံစည်းရိုးနှင့် ရေမြောင်းတည်ဆောက်နေမှု၊ ဘောလုံးကွင်းနှင့် ပင်မသုံးထပ်စာသင်ဆောင်သစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ ဗိသုကာဌာနဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ဘောလုံးကွင်းနှင့်တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ Polytechnic University(Maubin) ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားများ၏အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့်ပညာရေးကို သင်ကြားပို့ချပေးရန်၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိနိုင်သောအခွင့်အလမ်းများ ဖန်တီးပေးရန်၊ ခေတ်မီနည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားပြီး ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် Polytechnic University (Maubin) Faculty of Computing ရှိ ကျောင်းသား၊ ကျောင်းသူများ၏သုတေသနပရောဂျက်များ၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများနှင့် ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော်  စက်တင်ဘာ  ၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ကာလအလွန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်ဆောင်ရွက်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်သင့်အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးမှုမရှိသည့်အခန်းများ၌ ခရီးသည်များ လာရောက်တည်းခိုနေထိုင်နိုင်ရန် ဖွင့်လှစ်ထားရှိမှု၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆိုလာစနစ်တပ်ဆင်အသုံးပြုနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံအခန်းများနှင့် ခန်းမများကို ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံရေးဆောင်ရွက်ရာတွင် စံချိန်စံညွှန်းအတိုင်း ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊ အပြာရောင်အဆင့်ရှိ လူနေထိုင်နိုင်သည့်အခန်းများနှင့် ခန်းမများကို စနစ်တကျပြုပြင်မွမ်းမံ၍ ဧည့်သည်များပိုမိုလက်ခံနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနနှင့် နိုင်ငံတကာမှ သတ်မှတ်ထားရှိသည့် စံသတ်မှတ်ချက်များအတိုင်း ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ပေါင်းလောင်းရေလှောင်ဆည်(အဝေရာ)အတွင်း ရေဝင်ရောက်မှုအခြေအနေ၊ သဲထုတ်ရေတံခါးနှင့်ပင်မရေကျော်ပေါက်များမှ ရေထုတ်လွှတ်မှုအခြေအနေများကြည့်ရှုစစ်ဆေး

နေပြည်တော်  စက်တင်ဘာ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စပါးစိုက် ယာမြေများအား လယ်မြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ရေးအစည်းအဝေးနှင့် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးများကို ယနေ့တွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌကအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက စပါးစိုက်ယာမြေများအား လယ်မြေအဖြစ်သို့ ပြောင်းလဲရေးဆောင်ရွက်နေမှုများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရွက်မှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ပေါစံခေါ ကျေးရွာ ကွင်းအမှတ်(၁၇၂၁)၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး မိုးစပါးပန်းတိုင်အတွက်နှုန်းရရှိရေးအတွက် သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးသောဓာတ်မြေဩဇာများကို အမှန်တကယ်လိုအပ်သော တောင်သူများလက်ဝယ်သို့ ရောက်ရှိရေး၊ စိုက်ပျိုးသီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်နှစ်သုံးသီးရာသီပြည့်စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြား၍ တောင်သူများအတွက် ဓာတ်မြေဩဇာများ၊ ကျောက်မှုန့်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိုးစပါးခင်းများ ရေဝင်ရောက်မှုအခြေအနေ၊ သကြားစက်ရိုးရေစီးဆင်းမှုအခြေအနေနှင့် ယာမြေမှ လယ်မြေအဖြစ်သို့ ပြောင်းလဲမည့်စိုက်ခင်းများကိုလည်းကောင်း၊ ပေါင်းလောင်းရေလှောင်ဆည်(အဝေရာ)အတွင်း ရေဝင်ရောက်မှုအခြေအနေ၊ သဲထုတ်ရေတံခါးနှင့်ပင်မရေကျော်ပေါက်များမှ ရေထုတ်လွှတ်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

## စက်တင်ဘာလ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ပြည် | ၁-၉-၂၀၂၅ | ၁၃၆ | ၅.၃၅ | ၁၂-၉-၂၀၀၈ | ၁၁၉ | ၄.၆၈ | ၆၀ |

# အကျိုးအမြတ်များသော နှစ်ရှည်ခံအုန်းပင်ကိုစီးပွားဖြစ်စိုက်ပျိုးကြပါစို့

ကိုကျော်စွာ(ကျိုက်ပိ)

အုန်းသည် မြန်မာလူမျိုးတို့နှင့်ဆက်စပ်နေသော အပင်တစ်မျိုးဖြစ်သည်။ ထို့ပြင် အုန်းသီးနှင့်ငှက်ပျောသည်လည်း ဒွန်တွဲလျက်ရှိသည်။ ထမင်းနှင့်ဟင်းကဲ့သို့ပင် ငှက်ပျောနှင့်အုန်းသည် တွဲဖက်လျက်ရှိသည်။ အုန်းသီးသည် မြန်မာ့လူမှုဓလေ့များ၊ မိရိုးဖလာရိုးရာဓလေ့များ၊ ဘာသာရေးဆိုင်ရာပွဲများတွင် မပါမဖြစ်ပါဝင်သော အသီးတစ်မျိုးဖြစ်သည်။ ဥပမာ-ဓမ္မသဘင်ပွဲမှာ အုန်းငှက်ပျောပွဲပါသည်။ အလှူမင်္ဂလာပွဲများမှာလည်း အုန်းငှက်ပျောပွဲပါမြဲဖြစ်သည်။ မြန်မာလူမျိုးတို့၏ မိရိုးဖလာနတ်ပွဲ၊ နတ်ပူဇော်ပသရာမှာလည်း အုန်းသီးပါသည်။ အိမ်ဦးခန်းရှိဘုရားစင်မှာပင် အုန်းငှက်ပျောပွဲထိုးလေ့ရှိကြသည်အထိ မြန်မာမှုနယ်ပယ်တွင်အုန်းသီးက နေရာယူထားမြဲဖြစ်သည်။ ထို့ပြင် အုန်းသီးသည် ယနေ့အခါ ဈေးကွက်ဝင်အသီးတစ်မျိုးဖြစ်သည့်အပြင် ဈေးကောင်းသောအသီးတစ်မျိုးလည်းဖြစ်သည်။ ထို့ပြင် အုန်းပင်သည် အခြားသောရာသီပေါ်သီးနှံများကဲ့သို့ တစ်နှစ်တစ်ခါစိုက်ပျိုးရသောအပင်မျိုးမဟုတ်ပေ။ နှစ်ရှည်ခံအပင်မျိုးဖြစ်သဖြင့် တစ်ခါစိုက်၍ တစ်သက်ခူးဆွတ်နိုင်သောအပင်မျိုးဖြစ်သဖြင့် စီးပွားဖြစ်စိုက်ပျိုးသင့်သောအပင်တစ်မျိုးလည်းဖြစ်သည်။

တစ်ခါစိုက်ပြီး အသီးသီးချိန်ခူးဆွတ်ရောင်းချနေရုံသာဖြစ်သည်။ ထို့ကြောင့် စာရေးသူအနေဖြင့် နှစ်ရှည်ပင်ဖြစ်သော အုန်းပင်စိုက်ပျိုးနည်းအကြောင်းကိုလေ့လာတင်ပြသွားမည်ဖြစ်သည်။

**မူရင်းဒေသနှင့်အုန်းမျိုးများ**

အုန်းပင်ထွက်ပစ္စည်းများသည် သူ့နေရာနှင့်သူအသုံးပြု၍ရသည်။ ထို့ကြောင့် အုန်းပင်ကိုပဒေသာပင်ဟုလည်း ခေါ်ကြသည်။ အုန်းပင်ထွက်ပစ္စည်းများသည် လူတို့စားသုံး၍ရနိုင်သော ပစ္စည်းများသာဖြစ်သည်။

အုန်းပင်၏မူရင်းဒေသမှာ အပူပိုင်းဒေသဖြစ်သည်။ အုန်းမျိုးများကိုသက်တမ်းအလိုက်ခွဲခြားထားသည်။ သက်တမ်းအလိုက်အုန်းမျိုးကို သုံးမျိုးခွဲထားသည်။ ယင်းတို့မှာ(၁)အမြင့်မျိုး-ထိုမျိုးသည် အမြင့်ပေ ၅၀-၆၀ ခန့်အထိမြင့်တတ်သည်။ အုန်းထရံဟုလည်း ခေါ်ကြသည်။ (၂)အပုမျိုး - ထိုမျိုးသည် အပင်နိမ့်သည်။ တချို့အပင်များက လူ့တစ်ရပ်ခန့်သာရှိပြီး တချို့အပင်များမှာ မြေတိုက်နေသည်။ ထို့ကြောင့် ဝက်မလွတ်မျိုးဟုလည်း ခေါ်ကြသည်။ ဝက်မလွတ်ဟုခေါ်ရခြင်းမှာ ဝက်ကျောလောက်သာ အပင်အမြင့်ရှိသောကြောင့်ဖြစ်သည်။ (၃)လိမ္မော်ရောင်မျိုး - ထိုမျိုးသည် အပင်အနည်းငယ်မြင့်သည်။ အသီးကလိမ္မော်ရောင်ဖျော့ဖျော့ရှိသည်။ တော်ဝင်အုန်း၊အုန်းပနီဟုလည်း ခေါ်ကြသည်။ လိမ္မော်ရောင်မျိုးသည်စပ်မျိုးဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်က အုန်းကြီးမျိုးနှင့် အုန်းပုမျိုးကိုမျိုးစပ်ရာမှ တော်ဝင်အုန်း ခေါ် လိမ္မော်ရောင်မျိုးကိုရရှိသည်။ အုန်းပင်ကို အင်္ဂလိပ်လို Coconut ဟုခေါ်သည်။ Coconut ဟူသော ဝေါဟာရသည် ၁၆ ရာစုနှစ် ပေါ်တူဂီနှင့် စပိန်ဝေါဟာရဖြစ်သည်။ Coco ဟူသော ဝေါဟာရမှဆင်းသက်လာပြီး အတွင်းခွံမာသဖြင့် Nut ဟူသောစကားနှင့် တွဲဖက်အသုံးပြုခဲ့ရာမှ Coconut ဟူသော ဝေါဟာရဖြစ်လာသည်။ ရုက္ခဗေဒအမည်မှာ Cocos Nucifera ဖြစ်သည်။ မျိုးရင်းမှာ Palmaceae ဖြစ်ပြီး ထန်းပင်၊ ပေပင်မျိုးရင်းနွယ်ဖြစ်သည်။ အုန်းပင်၏ မျိုးရင်းတူဖြစ်သော ပေပင်၊ ထန်းပင်တို့သည် တောင်အမေရိကတိုက်တွင် မူလစတင်ပေါက်ရောက်ရာဖြစ်သဖြင့် ထန်းပင်၊ ပေပင်နှင့်မျိုးရင်းတူဖြစ်သော အုန်းပင်သည်လည်း တောင်အမေရိကတိုက်ဖြစ်နိုင်စရာအကြောင်းရှိသည်။ အုန်းပင်သည် ၁၂ လရာသီလုံး အမြဲစိမ်းလန်းနေသော အပင်မျိုးလည်းဖြစ်သည်။

**စိုက်ပျိုးရာဒေသ**

အုန်းပင်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးကြသည်။ တောင်ပေါ်မြေပြန့်မကျန်အောင် ရေပြင်နှင့်နီးသောနေရာများတွင် ပေါက်ရောက်နိုင်ပြီး မြန်မာပြည်တွင် မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် အများအပြားစိုက်ပျိုးကြသည်။ ကမ်းရိုးတန်းဒေသရှိ အုန်းပင်များသည် အသီးအရည်ပိုအရသာရှိသည်။ ရေငန်၊ ရေချိုကွာခြားမှုကြောင့်ဟုယူဆရသည်။



**ရေမြေနှင့်ရာသီဥတု**

အုန်းစိုက်ပျိုးရန် အသင့်လျော်ဆုံးမြေမျိုးမှာ မြေဆီဩဇာပေါပြီး ရေအလွယ်တကူစိမ့်ဝင်နိုင်သော မြေ၊ ရေငွေ့ထိန်းအားရှိသော နုန်းတင်မြေနု၊ သဲနုန်းမြေမျိုးကိုကြိုက်နှစ်သက်သည်။ အုန်းပင်သည် ရေကြိုက်သောအပင်ဖြစ်သည်။ ထို့ကြောင့် အုန်းစိုက်မည်ဆိုပါက အောက်ခံရေနီးသောနေရာ၊ ရေအလွယ်တကူပေးသွင်းနိုင်သောနေရာမျိုးတွင် စိုက်ပျိုးဖြစ်ထွန်းသည်။

အလွန်စေးသောမြေ၊ ကျောက်စရစ်မြေမျိုးတွင် မစိုက်ပျိုးသင့်ပါ။ အောက်ခံရေနီးသောနေရာနှင့် ရေအလွယ်တကူပေးသွင်းနိုင်သော နေရာမျိုးဖြစ်ပါက စေးသောမြေနှင့် ကျောက်စရစ်မြေမှလွဲ၍ ကျန်မြေများတွင် စိုက်ပျိုးနိုင်သည်။ အုန်းပင်သည်ရေကြိုက်သော်လည်း အပင်ခြေရေဝပ်ခြင်းကို မနှစ်သက်ပေ။ အပူချိန်မှာအနည်းဆုံး ၂၇ ဒီဂရီစင်တီဂရိတ်နှင့်မိုးရေချိန် ၃၀ မှ ၇၀ အကြား ရွာသွန်းပါက စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

**အုန်းမျိုးရွေးချယ်ခြင်းနှင့်မြေပြင်ခြင်း**

အုန်းပင်စိုက်ပျိုးမည်ဆိုပါက အုန်းမျိုးကိုစနစ်တကျရွေးချယ်ဖို့လိုသည်။ အကြောင်းမှာ အုန်းပင်သည် ရာသီပင်မဟုတ်ဘဲ နှစ်ရှည်ပင်ဖြစ်သောကြောင့်ဖြစ်သည်၊ ထို့ကြောင့်စတင်စိုက်ပျိုးမည်ဆိုလျှင်မျိုးကောင်းမျိုးသန့်နှင့် အရွယ်အစားကြီးသော အုန်းမျိုး၊ အသီးသီးနှုန်းကောင်းသော အုန်းမျိုးကိုသာ ရွေးချယ်စိုက်ပျိုးကြရမည်။ မျိုးရွေးချယ်ခြင်းကအဓိကဖြစ်သည်။ အုန်းမျိုးရွေးချယ်ရာတွင် အဆင့်လေးဆင့်ရှိသည်။ ထိုအဆင့်လေးဆင့်မှာ-

(၁) အုပ်စုလိုက်ရွေးချယ်ခြင်း၊
(၂) အမိမျိုးပင်ရွေးချယ်ခြင်း၊
(၃) မျိုးအုန်းသီးရွေးချယ်ခြင်း၊
(၄) အုန်းပျိုးပင်ရွေးချယ်ခြင်းတို့ဖြစ်သည်။

ထိုကဲ့သို့ သင့်လျော်ရာအုန်းမျိုးများကိုရွေးချယ်ပြီးနောက် စိုက်ပျိုးရန်အတွက် စိုက်ပျိုးမြေကိုပြုပြင်ရမည်။အပင်မစိုက်မီ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင် မြေပေါ်ရှိအပင်များ၊ ဆူးခြောက်များကို ခုတ်ထွင်ရှင်းလင်းရမည်။ ဧပြီလလောက်တွင် စိုက်ပျိုးခြံကိုကာရံ၍ အကွက်ချခြင်း၊ ကျင်းတူးခြင်းပြုလုပ်ရသည်။ ကျင်းတူးရာတွင် တစ်ကျင်းနှင့်တစ်ကျင်းကို (၃၀ x ၃၀) ပေအကွာအဝေးထား၍ တစ်လကြိုတင်ပြီး သုံးပေပတ်လည်ကျင်းတူးထားရမည်။ မေလအရောက်တွင် စိုက်ကျင်းအတွင်းသို့ အပေါ်ယံမြေဆီလွှာ၊ နွားချေးဆွေး၊ သစ်ရွက်ဆွေးများကိုပြန်ထည့်ပေးရမည်။ အုပ်စုလိုက်မျိုးရွေးချယ်ရာတွင် မျိုးကောင်းသောအပင်ပတ်လည်တွင်မျိုးကောင်းသော အပင်အုပ်စုလိုက်ရှိနေတတ်ခြင်းကြောင့်ဖြစ်သည်။

**ပျိုးထောင်စိုက်ပျိုးခြင်း**

အုန်းသီးကိုစိတ်ကြိုက်မျိုးရွေးချယ်ခြင်း၊ မြေပြင်ခြင်းပြုလုပ်ပြီးပါက အုန်းပင်များကိုပျိုးထောင်ရမည်။ ပျိုးထောင်ရာတွင် သဲတစ်ဝက်ခန့်ထည့်ထားသောပျိုးပေါင်ပေါ်တွင် အုန်းသီးကိုအလျားလိုက်လှဲ၍ အညှာဘက်ကို ထောင်မြှုပ်ပြီးပျိုးထောင်ရမည်။ ထိုကဲ့သို့ ပျိုးထောင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ပျိုးထောင်ရာတွင် သဲလွှာကိုခြောက်လက်မခန့်ထူအောင်ခင်း၍ မျိုးအုန်းသီးများကို ပင်ကြား ၉ လက်မ၊ တန်းကြား ၁၈ လက်မစီတန်းချပြီး သဲကိုလေးလက်မထပ်ထည့်ပေးရသည်။ ပျိုးပင်များကို ခြောက်မနေစေရန် ရေပုံမှန်လောင်းပေးခြင်း၊ အပူကိုရောက်ပါကအရိပ်ပေးခြင်း၊ အစိုဓာတ်ဆုံးရှုံးမှုမရှိရအောင် အတန်းကြားတွင် ကောက်ရိုးဖုံးပေးခြင်းတို့ပြုလုပ်ပေးရသည်။ ထိုကဲ့သို့ ပျိုးထောင်ပြီးအပင်ပေါက်၍ ပျိုးသက်တစ်နှစ်သားတွင် ရွှေ့ပြောင်းစိုက်ပျိုးပေးနိုင်သည်။ ရွှေ့ပြောင်းစိုက်ပျိုးမည့်အချိန်၌ အပင်သည် အရင်းတုပ်၍ သန်စွမ်းရမည်။ အရွက်ဖားပြီး ပျိုးပင်အလက်ရင်းများသည်အရွက်ကွဲစပြုသော အနေအထားမျိုးဖြစ်ရမည်။အုန်းမျိုးသည် အပင် ၁၀၀ ပျိုးသော်မှ အပင် ၆၀ ကျော်လောက်သာ စိုက်ပျိုးနိုင်သည့်အပင်ကိုရရှိသည်။

အုန်းစိုက်ရာတွင် ရှေးစာချိုးတစ်ခုရှိသည်။ “ငှက်ပျောတစ်နှိုက်၊ အုန်းတစ်မိုက်” ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ငှက်ပျောစိုက်ရာတွင် ကျင်းကိုလက်တစ်နှိုက်တူးစိုက်ပြီး အုန်းကိုလက်တစ်မိုက်တူးစိုက်ရမည်ဟုဆိုလိုဟန်တူသည်၊ စိုက်ပျိုးသောအခါ ကျင်းအလယ်တည့်တည့်တွင် ပျိုးပင်ကိုဖြောင့်မတ်စွာထား၍ ပျိုးအုန်းသီး၏ အပေါ်လွှာကိုသုံးပုံတစ်ပုံခန့်ဖော်၍ စိုက်ရမည်။ သတိပြုရမည့်အချက်မှာ မစိုက်မီအမြစ်များကို ဓားပြတ်ပြတ်ဖြင့်ခေါင်းတုံးရိတ်ပေးရသည်။ စိုက်ပျိုးပြီး အပင်ရှည်ပါကငုတ်ရိုက်၍ ချည်ပေးရမည်။ တစ်ပင်နှင့်တစ်ပင် (၃၀ x ၃၀) ပေ အကွာစိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် ၄၈ ပင်ဝင်ဆံ့သည်။ အုန်းပင်၏ပင်စည်သည်ကြီးပြီး မြေကြီးထဲမှာ ဖုလုံးသဏ္ဌာန်ရှိသည်။ အမြစ်က မူရင်းမြစ်၊ လေရှူမြစ်၊ မြစ်မြွာနှင့် လေမြစ်ဟူ၍ လေးမျိုးရှိသည်။

**မြေဩဇာကျွေးခြင်းနှင့်ရေသွင်းခြင်း**

စိုက်ပျိုးပြီးမြေဩဇာကျွေးမည်ဆိုပါက မိုးဦးကျစဖွန်လတွင်မြေဩဇာအပြီးကျွေးပေးရသည်။ မီးဖိုပြာ၊ နှမ်းဖတ်ပုပ်ရည်နှင့် နွားချေးဆွေး၊ သစ်ရွက်ဆွေးများကို ကျွေးပေးနိုင်သည်။ ထို့နောက် အပင်သက်တမ်းအလိုက်ကျွေးပေးရသည်။ အပင်သက်တစ်နှစ်၊ နှစ်နှစ်သားတွင် N:P:K (၅:၅:၉)ရောစပ်ပြီး မြေဩဇာတစ်ပေါင်ကို အပင်ငယ်စဉ်အပင်၏ ဘေးသုံးပေခွာ၍ ကျင်းတူး၍ထည့်ပေးရသည်။ သုံးနှစ်သားတွင် အထက်ပါနှုန်းအတိုင်း ၂ ပေါင်၊လေးနှစ်သားတွင် ၃ ပေါင်၊ ငါးနှစ်သားတွင် ၄ ပေါင်၊ ခြောက်နှစ်သားအထက်တွင် ၅ ပေါင်နှုန်းဖြင့်ကျွေးပေးရသည်။ အပင်ကြီးစဉ်တွင် အပင်ကြားကို ထယ်ကြောင်းပေး၍ မြေဩဇာထည့်ပေးရမည်။ ရေသွင်းရာတွင်မြောင်းသွယ်၍ ပင်ခြေရင်းဝိုင်းပေးသော ရေသွင်းနည်းသည် အကောင်းဆုံးဖြစ်သည်ဟုဆိုသည်။ အုန်းပင်အတွက် အထူးသတိပြုရမည့်အချက်မှာ နွေရာသီ၌ ရေလုံလုံလောက်လောက်ရရှိနိုင်ရေးဖြစ်သည်။ မိုးရာသီတွင် ပင်ကြားတန်းကြားနှစ်ကြိမ်ထယ်ထိုးခြင်း၊ အုန်းပင်၏အခြေကို အဝိုင်းပုံသဏ္ဌာန်ဖြင့် ပေါင်းရှင်းခြင်း၊ မြေတောင်မြှောက်ပေးခြင်း၊ မြေနိမ့်သောနေရာများ၌ ရေမဝပ်အောင် ရေနုတ်မြောင်းများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

**ရောဂါပိုးမွှားများ**

ပိုးမွှားများအနေဖြင့် အပင်ငယ်စဉ်ခြ၊ ပုရွက်ဆိတ်၊ ကြွက်များကျရောက်တတ်သည်။ အပင်ကြီးလာလျှင် ရွက်စားပိုး၊ အုန်းပိုး ခေါ် ပိုးတစ်မျိုးလည်း ကျရောက်တတ်သည်။ ကြွက်သည် အုန်းသီးအသီးနုစဉ်ဖျက်ဆီးတတ်သည်။ ရောဂါများအနေဖြင့် အမြစ်ပုပ်ရောဂါ၊ အညွန့်ကျိုးရောဂါတို့ကျရောက်တတ်သည်။ ထိုအခါ သင့်လျော်သော ပိုးသတ်ဆေးနှင့်ရောဂါကာကွယ်ဆေးများကိုအသုံးပြုနှိမ်နင်းသင့်သည်။

**အုန်းသီးနှင့်ကျန်းမာရေး**

အုန်းသီးသည် ကျန်းမာရေးကိုအထောက်အကူပြုပုံကို အနည်းငယ်မျှဖော်ပြလိုသည်။ အုန်းရည်သည် သန္ဓေသားဖွံ့ဖြိုးရန်လိုအပ်သော အာဟာရဓာတ်ကိုပေးပြီး သန္ဓေသားမပျက်စီးအောင်ကာကွယ်ပေးသည်၊ အုန်းရည်သောက်ခြင်းဖြင့် ရေငတ်ပြေရုံသာမက ပိုတက်ဆီယမ်နှင့် ဆိုဒီယမ်ပါဝင်သဖြင့် ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကိုပြေပျောက်စေသည်။ ဒုတိယကမ္ဘာစစ်ကာလက ရှေ့တန်းစစ်မြေပြင်တွင် သွေးကြောသွင်းဆေးရည်များပြတ်လပ်သည့်အခါ သွေးပေါင်ကျပြီး ရှော့ရနေသောလူနာများကို သွေးကြောအတွင်းသို့ အုန်းရည်ကို တိုက်ရိုက်ထိုးသွင်းပေးပြီး သွေးပေါင်ချိန်တက်စေရန် အရေးပေါ်ကုသပေးခဲ့ကြသည်။ သွေးတိုးရှိသူများအုန်းရည်ကို ပုံမှန်သောက်ပေးခြင်းဖြင့် သွေးပေါင်ကျစေသည်။

စာမျက်နှာ ၈ သို့ ☞

**➲ စာမျက်နှာ ၇ မှအဆက်**

အုန်းသီးတွင် အမျှင်ဓာတ်၊ ကာဘိုဟိုက်ဒရိတ်ဓာတ်၊ ပရိုတင်း၊ ဗီတာမင်စီ၊ ဗီတာမင်အီး၊ ဖောလိတ်၊ မီးစုန်းဓာတ်၊ မဂ္ဂနီစီယမ်၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ သွပ်ဓာတ်၊ ကြေးနီ၊ဆီလီနီယမ်အပြင် အခြားအာဟာရဓာတ်များလည်းပါဝင်နေသည်။ အုန်းသီးအဖြူအသားကိုစားပါက အမောခံနိုင်ခြင်း၊ အသားအရေလှပခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိစေသည်။ အုန်းသီးသည် နှလုံးကျန်းမာရေးကိုအကျိုးပြုကြောင်းလည်း သိရသည်။ ဤကားသိသာရုံဖော်ပြခြင်းဖြစ်သည်။

**အုန်းထွက်ပစ္စည်းနှင့် အကျိုးအမြတ်များသော အုန်းသီး**

အုန်းသီးကို မြန်မာမုန့်များနှင့် တွဲဖက်စားသုံးလေ့ရှိကြသည်။ အုန်းသီးပါသောမုန့်များမှာ အုန်းနို့ခေါက်ဆွဲ၊ ကောက်ညှင်းပေါင်း၊ ငှက်ပျောပေါင်း၊ အုန်းသီးမုန့်၊ ထန်းသီးမုန့်၊ ပေါင်မုန့်အုန်းနို့ဆမ်း၊ မုန့်ဖက်ထုပ်၊ မုန့်ကျွဲသည်း၊ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ရွှေထမင်း၊ အုန်းထမင်း၊ ကျောက်ကျောစသည်တို့ဖြစ်သည်။ ထိုမုန့်များအားလုံးမှာ အုန်းသီးပါသည်။ အုန်းထွက်ပစ္စည်းများမှာ အုန်းအပေါ်ခွံကို အရုပ်အမျိုးမျိုးပြုလုပ်ကြသည်။ အတွင်းကအုန်းခွံကို ရေနွေးကရား၊ အုန်းခွံဖြင့်အရုပ်များပြုလုပ်ကာ လည်ဆွဲအဖြစ်လည်းအသုံးပြုကြသည်။ အုန်းမှုတ်ခွက်ကို အလှစိုက်ပန်းအိုးလေးများလည်း ပြုလုပ်ကြသည်။ အုန်းအပေါ်ခွံ ခေါ် အုန်းဆံဖြင့်ကြိုးကျစ်၍ ရောင်းချကြသည်။ ထို့ပြင် အုန်းဆံဖြင့် ခြေသုတ်များပြုလုပ်၍ရောင်းချကြသည်။ အုန်းသီးအတွင်းခွံဖြင့် ရေမှုတ်များ၊သောက်ရေခွက်များပြုလုပ်ရောင်းချကြသည်။ တချို့က အုန်းခွံဖြင့်အလှမီးလုံးလေးများ ပြုလုပ်၍လည်း အလှဆင်ကြသည်။ အုန်းပင်ကို စီးပွားဖြစ်စိုက်ပျိုးရာတွင် အုန်းပင်မှလူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်းအမျိုး ၂၀ ထုတ်လုပ်နိုင်သည်ဟုလည်း သိရသည်။

တရုတ်နိုင်ငံမှာဆိုလျှင် အုန်းသီးစိမ်းအပေါ်ခွံကို စနစ်တကျလှီးဖြတ်၍ စနစ်တကျထုပ်ပိုးပြီး ပြည်ပသို့ တင်ပို့ကြသည်ကို စာရေးသူဖေ့ဘွတ်ပေါ်တွင် တွေ့လိုက်ရသည်။ ထို့ပြင် အုန်းသီးအတွင်းသားကို အုန်းဆီအဖြစ်ထုတ်လုပ်နိုင်သည်။ အုန်းဆီသည် ပြည့်ဝဆီတစ်မျိုးဖြစ်ပြီး စားသုံး၍ရသောဆီတစ်မျိုးလည်းဖြစ်သည်။ အုန်းဆီကိုအုန်းသီးကို နေလှန်းအခြောက်ခံ၍ စက်ဖြင့်ကြိတ်ယူရခြင်းဖြစ်သည်။

အုန်းသီးကိုအဖူးခိုင်ထွက်ပြီး အဖူးဖုံးကွဲသွားသည့်နောက် ၁၂ လပြည့်လျှင် အုန်းသီးရင့်၍ ခူးဆွတ်နိုင်ပြီဖြစ်သည်။ မျိုးအုန်းသီးဆိုလျှင် ၁၃ လအထိထားရသည်။ အုန်းသီး၏သဘာဝသည် တစ်လ တစ်ကြိမ်အဖူးဖြင့် တစ်နှစ်ပတ်လုံးအဖူးထွက်ကြောင်းသိရသည်။ စီးပွားဖြစ်စိုက်ပျိုးသောအုန်းခြံများတွင် အုန်းသီးကို နှစ်လတစ်ကြိမ်ခူးကြသည်ဟု သိရသည်။

အုန်းသီးသည် ဈေးကွက်ဝင်သောအသီးဖြစ်သည်။ အမြင့်မျိုးသည် ပင်သက် ခုနစ်နှစ်မှ ၁၀ နှစ်အတွင်း အသီးသီးသည်။ အပုမျိုးသည် သုံးနှစ်မှငါးနှစ်အတွင်းလည်းကောင်း၊ လိမ္မော်ရောင်မျိုးသည် ငါးနှစ်မှ ခုနစ်နှစ်အတွင်းလည်းကောင်း အသီးစတင်သီးသည်။ တစ်နှစ်လျှင်တစ်ပင်ကို အလုံး ၅၀ နှုန်းလောက်သီးသည်။ တစ်ဧကလျှင်ပျမ်းမျှ အလုံးရေ ၂၅၀၀ ခန့် သီးသည်။၂၅၀၀ နှုန်းသည် ရိုးရိုးအုန်းသီးမျိုးဖြစ်သည်။ စပ်မျိုးအုန်းကအသီးပိုသီးသည်။ စပ်မျိုးသည် လေးနှစ်ဆိုအသီးသီးပြီး တစ်ပင်ကိုအလုံး ၁၀၀ ခန့် ရနိုင်သည်။ တစ်ဧက ၄၈ ပင်ဆို အလုံးရေ ၄၈၀၀ ခန့် ရနိုင်သည်။ စပ်မျိုးများက အသီးသီးနှုန်းကောင်းသည်။ တစ်ဧကအလုံး ၄၈၀၀ ကိုတစ်လုံး ၃၀၀၀ နှုန်းဆို သိန်း ၁၄၀ ကျော်ရရှိမည်ဖြစ်သည်။ အုန်းသီးကို ကြွက်မြီးအုန်း၊ အရည်သောက်နှင့်အသီးခြောက်ဟူ၍ သုံးမျိုးခွဲထားသည်။ ကြွက်မြီးအုန်းသည် ကန်တော့ပွဲ၊ မိရိုးဖလာအိမ်တွင်း အုန်းထိုးရာတွင် အသုံးပြုကြသည်။ ကြွက်မြီးအုန်းသည် ဈေးကြီးပြီး တစ်လုံးကို ယခုကာလပေါက်ဈေး ၇၀၀၀ ခန့်ပေးရသည်။ စာရေးသူတို့ဒေသမှာ အုန်းသီးခြောက်တစ်လုံးကို ၂၅၀၀–၃၀၀၀ ခန့်ပေးရသည်။ တစ်ဧကအလုံး ၂၅၀၀ သီးလျှင် အုန်းသီးတစ်လုံး ၃၀၀၀ နှင့် တွက်ကြည့်ပါက တစ်နှစ်ကို ၇၅၀၀၀၀၀ သိန်းခန့် အကျိုးအမြတ်ရနိုင်သည်။ စာရေးသူတို့ဒေသဘက်မှာ အုန်းသီးအရောင်းအဝယ်လုပ်ကိုင်သူများအဆင်ပြေကြသည်။ ယခုအခါ အဝယ်အရောင်းများသဖြင့် အုန်းသီးတစ်လုံးစနှစ်လုံးစပင် အလွယ်တကူဝယ်၍ မရပေ။ ဤကား အုန်းသီးအဝယ်လိုက်ခြင်းသဘောပင်ဖြစ်သည်။ ထို့ကြောင့် အုန်းသီးသည် စီးပွားဖြစ်စိုက်ပျိုးသင့်သော အပင်ဖြစ်သည်။ နှစ်ရှည်ပင်ဖြစ်သဖြင့်လည်း တစ်ခါစိုက်ပျိုးပြီး တစ်နှစ်တစ်ခါခူးဆွတ်ရောင်းချနေရုံသာဖြစ်သည်။ တစ်ဧကကို ငွေကျပ် ၇၅ သိန်းခန့်ရရှိနိုင်သဖြင့် ဧကများများ စိုက်ပျိုးထားပါက စိုက်ပျိုးသူများအနေဖြင့် အကျိုးအမြတ်များရရှိနိုင်သည်။ ထို့ကြောင့် စီးပွားရေးအတွက် အကျိုးအမြတ်များသောနှစ်ရှည်ခံအုန်းပင်ကိုစိုက်ပျိုးကြဖို့တိုက်တွန်းလိုက်ရပါသည်။ ။

# ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၁

ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ်မိုးလုံလေလုံအားကစားရုံ၌ စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။



ရှေးဦးစွာ ခြင်းလုံးပြိုင်ပွဲဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် မြန်မာနိုင်ငံခြင်းလုံးဆပ်ကော်မတီနာယကတို့က မကွေးတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးပြိုင်ပွဲကို စက်တင်ဘာလ ၁ ရက်မှ ၄ ရက်အထိကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ခုနစ်သင်းပါဝင်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးသီးနှံပဲစင်းငုံ စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ကျောက်ပန်းတောင်း စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးသီးနှံဖြစ်သည့် ပဲစင်းငုံစိုက်ခင်းများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားရှိသည့် ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့်ဝါသီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီများ ရယူဆောင်ရွက်လျက်ရှိကြရာ ယခုနှစ်မေလဆန်းပိုင်းခန့်တွင် စတင်စိုက်ပျိုးခဲ့ကြသည့်မိုးသီးနှံ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်နေကြသည်။

ပဲစင်းငုံသီးနှံကို ပြည်ပပို့ကုန်အဖြစ် အဓိကထားစိုက်ပျိုးကြခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် မိုးရာသီတွင် ကျောက်ပန်းတောင်းမြို့နယ်၌ ၇၅၄၇၇ ဧကစိုက်ပျိုးရန်လျာထားခဲ့သည့်အနက် အမှန်တကယ်မြေပြင်တွင် ၈၄၄၀၆ ဧက စိုက်ပျိုးခဲ့ရာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စိုက်ပျိုးမှုရာခိုင်နှုန်း ၁၁၁ ဒသမ ၈၃ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှသိရသည်။

အဆိုပါ တစ်မြို့နယ်လုံးစိုက်ဧက ၈၄၄၀၆ ဧက အနက် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာနှင့်မျိုးစေ့ပံ့ပိုးကူညီမှုဖြင့် ရွှေဒင်္ဂါးမျိုးပဲစင်းငုံစိုက်ခင်းဧက ၅၅၀၀ ကို ပန်းတိုင်အထွက်နှုန်းရရှိရေး အဓိကမျှော်မှန်း၍ တောင်သူများအား စည်းရုံးစိုက်ပျိုးခဲ့ရာ ယင်းစိုက်ဧကအားလုံးလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ကြောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှသိရသည်။

နေအောင်(ပြန်/ဆက်)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | ၁၂ လရာသီမှတ်တမ်း |
| ၃။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၄။ | ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၅။ | ၁၇:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၆။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၇။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၈။ | ၁၈:၄၀ | မွေးမြူသုတ |
| ၉။ | ၁၉:၀၀ | CGTN Nature အပိုင်း(၂၇) |

## MWD Variety Channel

၂-၉-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၅ | သိမှတ်ဖွယ်ရာ သုတကမ္ဘာ |
| ၂။ | ၁၁:၄၀ | စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူ ထုတ်လုပ်စို့ |
| ၃။ | ၁၂:၂၅ | ဥပဒေမှတ်စု |
| ၄။ | ၁၇:၃၀ | ကျန်းမာသောဘဝ |

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

နေပြည်တော် စက်တင်ဘာ ၁

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် **"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်မှုများ"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား နေပြည်တော်တွင်ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များအား https://bit.ly/47Md8Ck တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ခလောက်ထောင်ရေလျှံကွင်းအတွင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းတစ်သောင်း ငါးမျိုးစိုက်ထည့်

ဘားအံ စက်တင်ဘာ ၁

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသတွင်းငါးစားသုံးမှုဖူလုံပိုလျှံရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့ရေး၊ ဒေသခံပြည်သူများ ငါးရိက္ခာကိုပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ရေးအတွက် သဘာဝရေပြင် မြစ်ချောင်းအင်းအိုင်များအတွင်း နှစ်စဉ် ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ် ခလောက်ထောင်ကျေးရွာ ခလောက်ထောင်ရေလျှံကွင်းအတွင်း ငါးမျိုးများစိုက်ထည့်ပေးကြသည်။




ထိုသို့ ငါးမျိုးများစိုက်ထည့်ပေးရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသည့် ငါးခုံးမကြီးကောင်ရေ ခြောက်သောင်း၊ ငါးမြစ်ချင်းကောင်ရေ ငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေတစ်သိန်းတစ်သောင်းကို ခလောက်ထောင်ရေလျှံကွင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီတွင် ငါးမျိုးစိုက်ထည့်ပွဲ ခုနစ်ကြိမ်ဖြင့် ငါးသားပေါက်ကောင်ရေ ငါးသိန်းနှစ်သောင်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုအခါ ငါးမျိုးစိုက်ထည့်ပွဲ ခြောက်ကြိမ်ဖြင့် ငါးသားပေါက်ကောင်ရေ ငါးသိန်းနှစ်သောင်းကျော်ကို ငါးမျိုးစိုက်ထည့်ပြီးစီးပြီဖြစ်သည့်အတွက် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် စိုက်ထည့်ပေးလိုက်သော ငါးမျိုးများသည် မြစ်ချောင်းအင်းအိုင်သဘာဝရေပြင်နှင့် ဆက်စပ်ရေပြင်များအတွင်း ရှင်သန်ကြီးထွားပေါက်ပွားကာ ဒေသခံပြည်သူများအတွက် ငါးရိက္ခာဖူလုံစွာစားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

## တောင်တွင်းကြီးမြို့၌ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ကွင်းဆင်းဆောင်ရွက်



တောင်တွင်းကြီး စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သိသင့်သိထိုက်သော အချက်အလက်များနှင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို လက်တွေ့အသုံးပြုနိုင်ရန်အတွက် မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့်လက်တွေ့စမ်းသပ်ခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၁ ရက်နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဘက်စုံသုံးခန်းမ၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးပြည့်မောင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အများပြည်သူများသိသင့်သိထိုက်သည့်အချက်များ၊ မဲစာရင်းတွင်ပါဝင်သူ အမျိုးသား၊ အမျိုးသမီးများက မဲပေးပိုင်ခွင့်ရှိခြင်းနှင့် မဲပေးပိုင်ခွင့်ရှိသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်မရှိသူများနှင့်ပတ်သက်သည့်အချက်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုပုံအဆင့်ဆင့်နှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သိသင့်သိထိုက်သော အချက်အလက်များအား အသိပညာပေးဟောပြောပြီး ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးကြသည်။

တောင်တွင်းကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းအား နေ့စဉ်မြို့နယ်အတွင်းရှိ မဲဆန္ဒနယ်မြေအသီးသီးမှ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

## အောင်ပန်းဝေမွှေး

❖ တရုတ်နှင့်မြန်မာ။
ချစ်ကြည်စွာ နေလာကြ
ကာလရှည်ကြာ။
သရေတိုးပါတဲ့
ဆွေမျိုးသို့ အကြောင်းဆက်ကာ
ပေါင်းဖက်လာ တစ်စိတ်တစ်ဝမ်း။
အေးအတူ ဖေးကူကြ
မျှဝေလို့ကမ်း။

❖ တရုတ်နှင့်မြန်မာ။
နှစ်နိုင်ငံ အိမ်နီးချင်းမို့
ရင်းနှီးပျူငှာ။
လက်သည်းဆိတ်ရင်လ
လက်ထိပ်က မနေသာ
နာကျင်လို့ခံပြင်း။
ရန်အသွယ်သွယ် အန္တရာယ်ကင်းအောင်
ရှင်းလင်းနှိမ်နင်း။

❖ တရုတ်နှင့်မြန်မာ။
နှစ်နိုင်ငံ ရင်ချင်းဆက်
တွဲလက်ခိုင်မာ။
သူ့အရေးရယ်နဲ့
ကိုယ့်အရေး ဘေးကြုံလာ
စာနာလို့ အပြေးအလွှား။
အလျင်အမြန် အချိန်မဆိုင်း
ရိုင်းပင်းသည့်အား။

❖ တရုတ်နှင့်မြန်မာ။
နှစ်နိုင်ငံ ဖွံ့ဖြိုးရေးနဲ့
နှစ်နိုင်ငံ စည်သာအေးအောင်
ဆွေးနွေးကြကာ။
စီးပွားရေးရယ်နဲ့
ဖွံ့ဖြိုးရေး လုံးစုံပါ
မဟာဗျူဟာ ရေးဆွဲ။
နှစ်နိုင်ငံ အရှည်ခံ့လို့
တည်တံ့ဖို့ပဲ။

❖ တရုတ်နှင့်မြန်မာ။
လက်တွဲကာ ဆောင်သယ်ပိုး
ကောင်းကျိုးထွေလာ။
အောင်စေပြုတာမို့
အောင်ဇေယျတု အောင်မြင်ကာ
အောင်မင်္ဂလာ အောင်ရေး။
အောင်သရဖူ အောင်ထူလန်းတယ်
အောင်ပန်းဝေမွှေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# ပေါင်မြို့နယ်၌ လူငယ်များဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေး

**ပေါင် စက်တင်ဘာ ၁**


မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁ ရက်တွင် ပေါင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (နတ်ကြီးချောင်)၌ ကျင်းပသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပေါင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာစိုးက လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရေးအတွက် လူငယ် စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသားလူငယ်များ စာဖတ်စွမ်း ရည်များ တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်လုပ်ဆောင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များ၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှုတ်မှုစွမ်းရည်များဖွံ့ဖြိုးတိုးတက် စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပေါင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade–11 မှ မောင်မင်းချမ်းမွန်က လူငယ်နှင့်စိန်ခေါ်မှု၊ မောင်စိုးထက်ပိုင်က လူငယ်နှင့်ခေတ်ရေစီးကြောင်း၊ မသွန်းအိကိုက လူငယ်နှင့်စာဖတ်ခြင်း၊ Grade –10 မှ မသီရိမြတ်နိုးလင်းက လူငယ်နှင့်အားကစား၊ Grade–8 မှ မအက်စတာကိုက လူငယ် နှင့် ပလတ်စတစ်အန္တရာယ်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေး ခဲ့သည့် အကြောင်းအရာများအပေါ်အခြေခံကာ မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**




# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**အောင်လံ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၃၁ ရက်က အောင်လံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက ယနေ့ဂုဏ်ပြုခံ ကျောင်းသား၊ ကျောင်းသူများသည် အားကျဖွယ်၊ အတုယူဖွယ် စံပြကျောင်းသား၊ ကျောင်းသူများဖြစ်ကြောင်း၊ ပညာရေးဌာနသည် နိုင်ငံတော် တည်ဆောက်ရာတွင် အခြေခံကျသော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးရာဌာန ဖြစ်သည့်အတွက် အောင်လံခရိုင်အနေဖြင့် ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများ ဆက်လက်ပေါ်ထွန်းရေး မိဘ၊ ဆရာ၊ ကျောင်းသား ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးမာလာခိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ကဗျာလွတ်အကဖြင့်လည်းကောင်း၊ Grade–11 ကျောင်းသူများက ရိုးရိုးကလေးသီချင်းဖြင့်လည်းကောင်း၊ Grade –10 မှကျောင်းသူများက မောင့်ချစ်သူဗမာမလေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၄၂ ဦး၊ လူရည်ချွန်မောင်မယ်ခြောက်ဦးနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမ ၁၂ ဦးအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာ(အောင်လံ)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဂွမ္ဘီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဂွမ္ဘီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ်လ ၃၁ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်းက VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဂွမ္ဘီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးအတွက် VRFP စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၂၉၉ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# မြောက်ဥက္ကလာပမြို့နယ်၌ ရေဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ရေဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းကို ဩဂုတ်လ ၃၁ ရက်က ကျင်းပသည်။


ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်ဇာဦးက မြန်မာနိုင်ငံ၌ မုတ်သုံကာလဖြစ်သည့် ဇွန်လမှအောက်တိုဘာလများအတွင်း အနောက်တောင်မုတ်သုံလေ အားကောင်း၍ မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ မုန်တိုင်းများဝင်ရောက်ခြင်းနှင့် မုန်တိုင်းအရှိန်ကြောင့် နှစ်စဉ် မြစ်ရေကြီးခြင်းများ ဖြစ်ပွားလေ့ရှိကြောင်း၊ မြစ်ကြီးများ၏ မြစ်ဖျားပိုင်းတွင် မြစ်ရေကြီးခြင်း၊ အဆိုပါမြစ်ရေများသည် မြစ်အောက်ပိုင်းသို့ တဖြည်းဖြည်းစီးဆင်းလာကာ မြစ်ဝကျွန်းပေါ်ဒေသများအထိ ပျံ့နှံ့ရေကြီးမှုများ ဖြစ်ပေါ်တတ်ကြောင်း၊ မိုးများခြင်းကြောင့် မြစ်ရေကြီးခြင်းနှင့်အတူ မြေပြိုကမ်းပြိုခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် ရေလျှောင်ကန်များ၊ ဆည်များ၏ ရေပိုလွှဲများမှ ရေထုတ်လွှတ်ခြင်း၊ ဆည်ကျိုးပေါက်ခြင်းတို့ ဖြစ်ပေါ်တတ်သဖြင့် အထူးသတိပြုသင့်ကြောင်း စသည့် မှတ်သားဖွယ်ရာ ဗဟုသုတအတွေ့အကြုံများကို အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါ ရေဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ကော့ကရိတ်-မြဝတီသွားအာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြုပြင်ရေးအဖွဲ့အား KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်


KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့နွဲ့တံတားပြုပြင်နေသည့်အဖွဲ့အား Suicide Drone ဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။








မြဝတီ–ကော့ကရိတ်အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုအား အကြမ်းဖက်သောင်းကျန်းသူများက Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်မှုကိုတွေ့ရစဉ်။



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် Suicide Drone ကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁

KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုအဟန့်အတားဖြစ်စေရန်ရည်ရွယ်၍ ကော့ကရိတ်မြို့နယ်၊ ကော့နွဲ့ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများအတွင်း ခိုအောင်းနေထိုင်ပြီး ကော့ကရိတ်–မြဝတီသွားအာရှလမ်းမကြီးပေါ်၌ သွားလာလျက်ရှိသောမော်တော်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီး၍ အဆိုပါလမ်းကြောင်းအား နှောင့်ယှက်ပိတ်ဆို့ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ကော့ကရိတ်–မြဝတီသွားအာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး အရှည် ၁၉၆ ပေ၊ အကျယ်ပေ ၄၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ကော့နွဲ့တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး အများပြည်သူများသွားလာရေးအခက်အခဲများဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရေး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိရာ ကော့နွဲ့တံတားပြန်လည်ပြုပြင်ရေး တံတားအထူးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးဦးဆောင်သည့် အင်ဂျင်နီယာ ၁ ဦးနှင့် လုပ်သား ၂၆ ဦးတို့သည် တံတားပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်တွင် KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တံတား၏ အနောက်မြောက်ဘက် မီတာ ၃၆၀၀ ခန့်အကွာရှိ ပျားပင်ကျေးရွာနေရာနှင့် တံတား၏တောင်ဘက် မီတာ ၃၇၀၀ ခန့်အကွာရှိမြို့ဟောင်းကျေးရွာနေရာတို့မှ Suicide Drone ၂ စင်းဖြင့် တံတားလုပ်ငန်းဆောင်ရွက်နေသူများအား တိုက်ခိုက်ခဲ့သဖြင့် တံတားလုပ်ငန်းများဆောင်ရွက်နေသည့် အမျိုးသား ၁ ဦး သေဆုံးကာ ၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ကနဦးဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကာ ဘားအံမြို့ရှိ တောင်ကလေးဆေးရုံသို့ ဆက်လက်ပို့ဆောင်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသော လမ်း၊ တံတားများအား ဖျက်ဆီးခြင်းသည် ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို များစွာ ထိခိုက်နစ်နာစေလျက်ရှိသဖြင့် ဒေသခံပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အကြမ်းဖက်သမားများအား အရေးယူတုံ့ပြန်နိုင်ရေး လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မြဝတီ–ကော့ကရိတ်အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုအား အကြမ်းဖက်သောင်းကျန်းသူများက Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဝင်းမင်းထွန်း(ဗုံးသီးစ ဦးခေါင်းထိမှန်ခြင်းနှင့် ဘယ်လက်ထိမှန်ခြင်း)



ကောင်းမြတ်ကို(ဗုံးသီးစ ရင်ဘတ်ထိမှန်)



ကျော်စိုးအောင်(ဗုံးသီးစ ဘယ်လက်မောင်း ဖောက်ဝင်)



ကိုပြည့်(ဗုံးသီးစ နောက်ကျောဖောက်ဝင် သေဆုံး)



ဆန်းလင်းထွန်း(ဗုံးသီးစ ညာပခုံး/ဘယ်လက်မောင်းထိမှန်)

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၂/၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဥပဒေဘာသာပြန်ကော်မရှင်**

**အမိန့်အမှတ် ၂/၂၀၂၅**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အောက်ပါဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အရ မြန်မာဘာသာသို့ ပြန်ဆိုရန် အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Bills of Lading Act

(ခ) The District Cesses Act

(ဂ) The Fatal Accidents Act

(ဃ) The Myanmar Passport Act

(င) The Poisons Act

(စ) The Religious Societies Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

**ဒေါက်တာသီတာဦး**

**ဥက္ကဋ္ဌ**

**ဥပဒေဘာသာပြန်ကော်မရှင်**

## ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းကို KBZ GROUP မှ ငွေကျပ် သိန်း ၁၀၀၀၀ နှင့် ဂုဏ်အမည်ပေါက် မြေကွက်ကိုးကွက်ဂုဏ်ပြုချီးမြှင့်



**တောင်ကြီး စက်တင်ဘာ ၁**

ဆော်ဒီအာရေးဗျနိုင်ငံ Riyadh မြို့၌ ကျင်းပခဲ့သည့် Esports အားကစား ကမ္ဘာ့ဖလားပြိုင်ပွဲ ၂၀၂၅ တွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သော မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Yangon Galacticos အသင်းကို KBZ GROUP မှ တောင်ကြီးမြို့၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် ငွေကျပ်သိန်း ၁၀၀၀၀ နှင့် ဂုဏ်အမည်ပေါက် မြေကွက်ကိုးကွက်အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဦးအောင်ကိုဝင်း၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ချန်ပီယံ Esports အားကစားသမားများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် Esports ဝါသနာရှင်လူငယ်များ တက်ရောက်သည်။


အစမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းကို ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကက Yangon Galacticos အားကစားအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ Esports အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အောင်ပွဲရလူငယ်အားကစားသမားများ တစ်ဦးချင်းစီအတွက် တောင်ကြီး ဂါးဒင်းစီးတီး (Taunggyi Garden City) မှ ပေ ၄၀ x ပေ ၆၀ အကျယ်ရှိ ဂုဏ်မြေကွက်ကိုးကွက်ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်သည်။ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ကို KBZ BANK, KBZ Pay နှင့် KBZ GROUP တို့မှ ၂၀၁၈ ခုနှစ်က စတင်ကာ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် ယခုကဲ့သို့ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံဆုရရှိစေရန်အတွက်လည်း တစိုက်မတ်မတ် ထောက်ပံ့ကူညီပေးခဲ့ရာ ယနေ့အထိ ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်ပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## လေပွေလှိုင်းပိုမိုအားကောင်းလာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်




**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါလေပွေလှိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နေ့လယ်မှ စက်တင်ဘာလ ၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် လေပြင်း/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

## ရန်ကုန်အဝေးသင်တက္ကသိုလ်၌ စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ကမာရွတ်မြို့နယ် ရန်ကုန်အဝေးသင်တက္ကသိုလ်၌ စာအုပ်များအပြင် လူ့အသိုင်းအဝိုင်း၊ ပညာရေးနှင့် ဒစ်ဂျစ်တယ်ခေတ်တွင် ခေတ်မီစာကြည့်တိုက်များ၏ ပြောင်းလဲနိုင်စွမ်းခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန္ဒရီက အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးပညာဌာန ကထိက ဒေါက်တာဟိန်းလတ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ မောင်ညီညီဆက်ခိုင်(စတုတ္ထနှစ်၊ သတ္တဗေဒ)၊ မောင်တာရာ (စတုတ္ထနှစ်၊ အင်္ဂလိပ်စာ)၊ မယုဝတီ(စတုတ္ထနှစ်၊ ဥပဒေပညာ)နှင့် ဒေါ်မြမြစန်း (စာကြည့်တိုက်မှူး) ရန်ကုန်အဝေးသင်တက္ကသိုလ်တို့က စာကြည့်တိုက်အခြေပြုသင်ယူမှု၊ ဒစ်ဂျစ်တယ်နှင့် ပညာရေးနယ်ပယ်အတွင်း စာကြည့်တိုက်များ၏ အခန်းကဏ္ဍ၊ စာကြည့်တိုက်များက လူ့အသိုင်းအဝိုင်းအတွက် ပေးစွမ်းနိုင်သည့်အကျိုးကျေးဇူးများ၊ ခေတ်မီပညာရေးစနစ် ပြောင်းလဲလာသည့်အချိန်တွင် စာကြည့်တိုက်ဝန်ထမ်းများ၏ အခန်းကဏ္ဍပြောင်းလဲမှုများ ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များကို မေးမြန်းရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် စာကြည့်တိုက်မှူးတို့က ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။ **စိမ်းလဲ့(ပြန်ဆက်)**

# မှန်ကန်သောမဲစာရင်းရရှိရန် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရမည်

ရွေးကောက်ပွဲဥပဒေနှင့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက နိုင်ငံသားတိုင်းမဲပေးခွင့်ရှိသည်။ ဥပဒေနှင့်ညီညွတ်သော နိုင်ငံသားဖြစ်စေကာမူ သက်ဆိုင်ရာမဲရုံ၏မဲစာရင်းတွင် အမည်စာရင်း မပါဝင်ပါက မဲပေးနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်မြေအသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏မဲစာရင်းများပြုစုရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စာရင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၏ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)ပါ လူဦးရေစာရင်းတို့ကိုအခြေခံပြီး ရယူပြုစုထားမည်ဖြစ်ရာ အကြောင်းကြောင်းကြောင့် ပုံစံ(၆၆/၆)မရှိလျှင် ယခုအချိန်ကတည်းက လုပ်ထားသင့်သည်။

ဆန္ဒမဲပေးပိုင်ခွင့်နှင့်ညီညွတ်သော နိုင်ငံသားတိုင်း မဲပေးခွင့်ရှိသော်လည်း သာသနာ့ဝန်ထမ်းများမဲပေးခွင့်မရှိပါ။ ဗုဒ္ဓဘာသာဝင်ရဟန်းသံဃာများ မဲပေးခွင့်မရှိသကဲ့သို့ အခြားဘာသာများဖြစ်သည့် ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်စသည့်ဘာသာများ၏သာသနာ့ဝန်ထမ်းများကိုလည်း မဲပေးခွင့်မရှိကြောင်း ဥပဒေတွင် တိတိကျကျ ပြဋ္ဌာန်းထားသည်။

ထို့ပြင် ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်သူများ၊ လူမွဲအဖြစ်ကြေညာခံထားရသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခံရသူများနှင့် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများ မဲစာရင်းတွင်ပါဝင်ခွင့်မရနိုင်ပါ။

မဲစာရင်းတွင် ပါဝင်ခွင့်ရရှိနိုင်သူများမှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူ၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုမဲစာရင်းတွင်ပါဝင်သူ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့လာရသဖြင့်လည်းကောင်း၊ မူလနေရပ်သို့ ပြန်မသွားနိုင်၍လည်းကောင်း၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုသဖြင့် ဥပဒေအရအမည်စာရင်းထည့်သွင်းပေးထားသူတို့ဖြစ်ကြသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏မဲစာရင်းများပြုစုရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ရသည်များရှိတတ်သည်။ ကွယ်လွန်သွားသောကြောင့်လည်းကောင်း၊ မဲဆန္ဒရှင်တစ်ဦးတည်းကပင် အခြားမဲစာရင်းတွင် ပါဝင်နေ၍လည်းကောင်း၊ ဥပဒေအရ မဲစာရင်းတွင် မပါဝင်ထိုက်ဘဲပါဝင်နေသည့်အတွက် ကန့်ကွက်ခံရ၍လည်းကောင်း၊ အခြားမြို့နယ်မဲစာရင်းတွင်ပါဝင်နေ၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အကြောင်းကြားလျှင်လည်းကောင်း၊ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) တွင် အမည်မပါ၍လည်းကောင်း ပယ်ဖျက်ရတတ်သည်။

ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၈။ (ခ)တွင် "မဲစာရင်းကြေညာခြင်း မပြုလုပ်မီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်မှူးရုံး၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်သက်ဆိုင်ရာမြို့နယ်ရှိနိုင်ငံရေးပါတီများမှကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းမှန်ကန်စေရန် စိစစ်ရမည်။"ဟု ဖြည့်စွက်ထားရာ ဌာနစုံ၊ ကော်မရှင်အဖွဲ့ခွဲစုံ၊ ရုံးပေါင်းစုံသာမက နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များပါ စိစစ်ခွင့်ရရှိမည်ဖြစ်ပြီး မှန်ကန်သောမဲစာရင်းဖြစ်မည်မှာ သေချာနေသည်။

ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်အခါတွင် မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့်မဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့်ထုတ်ပြန်မည်ဖြစ်သည်။ ထုတ်ပြန်ထားကြောင်းကို ပုံစံ(၂)ဖြင့် ရွေးကောက်ပွဲကော်မရှင်ခွဲရုံးတွင် ကပ်ထားမည်ဖြစ်ပြီး ထိုကြေညာချက်အရ မဲစာရင်းတွင် ပြင်ဆင်/ဖြည့်စွက်/ကန့်ကွက်လိုပါက သတ်မှတ်ပုံစံများနှင့်အညီလျှောက်ထားနိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီဆောင်ရွက်နိုင်မည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အကြောင်းကြောင်းကြောင့် မိမိ၏အမည်ကျန်ရစ်တတ်သည်။ ထိုအခါတွင် ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရန် သတ်မှတ်ထားသည့်ပုံစံဖြင့်တောင်းဆိုနိုင်သည်။ ထိုတောင်းဆိုလွှာတွင် အသက် ၁၈ နှစ်ပြည့်ပြီးကြောင်း၊ မဲစာရင်းတွင်ပါဝင်နိုင်ရန် အရည်အချင်းပြည့်ကြောင်းအစရှိသည့် စာရွက်စာတမ်းများ၊ သက်သေများနှင့်တင်ပြနိုင်ရမည်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံချက်လည်းပါရှိရမည်။ မဲစာရင်းတစ်ခုမှတစ်ခုသို့ ပြောင်းခြင်းဖြစ်ပါက အိမ်ထောင်စုဇယားနှင့်မူလမဲစာရင်းတွင် ပယ်ဖျက်ပြီးကြောင်း ပူးတွဲတင်ပြနိုင်ရမည်။

ယခင်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် မဲဆန္ဒနယ်ပြင်ပတွင် ရက်ပေါင်း ၉၀ သတ်မှတ်ခဲ့သော်လည်း ယခုအခါ ရက်ပေါင်း ၁၈၀ ဟုသတ်မှတ်ထားသည်။ အဆိုပါမဲဆန္ဒရှင်များအခွင့်အရေးမဆုံးရှုံးစေရေးအတွက် မဲစာရင်းတွင်ပါဝင်နိုင်ရန်အရည်အချင်းပြည့်ကြောင်း စာရွက်စာတမ်းများ၊ သက်သေများ၊ အလုပ်ရှင်ထောက်ခံစာနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထပ်ဆင့်ထောက်ခံချက်တို့တင်ပြနိုင်ရမည်။

မဲစာရင်းတွင် မပါဝင်ထိုက်သောသူများပါဝင်နေခြင်းဖြင့် ဂုဏ်သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့ဖူးသည်။ ၁၂ နှစ်သားမဲဆန္ဒရှင်များ၊ အသက် ၁၂၀ ကျော် ဘိုးသက်ရှည်များ၊ ကွယ်လွန်ပြီးသော်လည်း အသက်ရှင်နေသူများ မဲစာရင်းတွင်ပါခဲ့ဖူးလေပြီ။ ထိုသို့မဲစာရင်းတွင်မပါဝင်ထိုက်ဘဲ ပါဝင်နေသည့်မဲဆန္ဒရှင်များရှိနေပါက ကန့်ကွက်လိုသူ၏အမည်၊ ကန့်ကွက်လိုသောအကြောင်းရင်းတို့ကိုဖော်ပြပြီး သက်သေခံစာရွက်စာတမ်းများ၊ အသိသက်သေများနှင့် တိုင်ကြားနိုင်သည်။ အထူးသဖြင့် PDF များ၊ PDF ထောက်ပံ့ပေးသူများ၊ ရွေးကောက်ပွဲဆန့်ကျင်မည့်သူများကို ဥပဒေကြောင်းအရ ကြိုတင်ဖော်ထုတ်၍ ရှင်းလင်းထားသင့်သည်။

အခြားဒေသသို့ ပြောင်းရွှေ့မည်ဖြစ်သဖြင့် မဲစာရင်းမှပယ်ဖျက်ပေးရန်တောင်းဆိုနိုင်သည်။ ပုံစံ(၁၀)/ပုံစံ (၉၀/၁/နငသ)နှင့်အတူ ပယ်ဖျက်ပေးရန်တင်ပြနိုင်သည်။ မဲစာရင်းတွင် ပယ်ဖျက်ပြီးကြောင်း မူလဒေသရှိ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံချက်(၄-ခ)ပါရှိရမည်။ ထိုသို့ပြည့်စုံပါက ပြောင်းရွှေ့ရာဒေသသစ်တွင် မဲစာရင်းပါဝင်မည်ဖြစ်ပြီး မဲပေးခွင့်မဆုံးရှုံးနိုင်တော့ပေ။

မဲစာရင်းပါအချက်အလက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်လိုပါက သက်သေခံစာရွက်စာတမ်းများ၊ အသိသက်သေများနှင့် တင်ပြပြင်ဆင်နိုင်သည်။ တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများ လက်ခံရရှိသည့်အခါ တောင်းဆိုလွှာကို ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်ရသည်။ တောင်းဆိုလွှာနှင့်ပတ်သက်လျှင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်တို့ကို တောင်းယူစိစစ်ပြီး လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပြုရသည်။

ကန့်ကွက်လွှာ/ပြင်ဆင်လွှာနှင့်ပတ်သက်လျှင် အကြောင်းပြချက်၊ အထောက်အထား၊ စာရွက်စာတမ်း၊ အသိသက်သေများကိုစိစစ်၍ လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပြုရသည်။

**➤ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန်မှာ နိုင်ငံသားတိုင်း၏တာဝန်ဖြစ်၍ မိမိအမည်မဲစာရင်းတွင်ပါဝင်သည်၊ မပါဝင်သည်ကို ကြည့်ရှုစစ်ဆေးရန်မှာလည်း မိမိတို့၏ဝတ္တရားဖြစ်သည်။ မဲစာရင်းပါ အခြေခံအချက်များကို တည်မှီ၍ တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများလိုအပ်လျှင် တင်သွင်းနိုင်သည်ဖြစ်ရာ မှန်ကန်သောမဲစာရင်းဖြစ်မြောက်ရေးအတွက် ပြည်သူများက ပါဝင်ပူးပေါင်းကူညီဆောင်ရွက်သင့် . . .**

တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများလက်ခံရရှိသည့်အခါ စိစစ်ပြီးနောက် လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ခုနစ်ရက်အတွင်း ပြန်လည်အကြောင်းကြားရသည်။ အကြောင်းကြားစာလက်ခံရရှိပြီး သုံးရက်အတွင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲသို့ အယူခံလွှာတင်သွင်းခွင့်ရှိသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပသို့ ရောက်နေသောသူများရှိနိုင်သည်။ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံတက်ရောက်ကုသခံနေရသူများ၊ ယာယီတာဝန်ထမ်းဆောင်ရသည့် နိုင်ငံ့ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့များဖြစ်ကြရာ ထိုမဲဆန္ဒရှင်များကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်းပြဋ္ဌာန်းထားသည်။ အလားတူ မဲရုံသို့လာရောက်မဲမပေးနိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူများ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူများ၊ အသက်အရွယ်ကြီးရင့်နေသူများ၊ သားဖွားနေသူများကိုလည်း ကြိုတင်ဆန္ဒမဲပေးခွင့်ပြုထားသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန်မှာ နိုင်ငံသားတိုင်း၏တာဝန်ဖြစ်၍ မိမိအမည်မဲစာရင်းတွင်ပါဝင်သည်၊ မပါဝင်သည်ကို ကြည့်ရှုစစ်ဆေးရန်မှာလည်း မိမိတို့၏ဝတ္တရားဖြစ်သည်။ မဲစာရင်းပါ အခြေခံအချက်များကိုတည်မှီ၍ တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများလိုအပ်လျှင် တင်သွင်းနိုင်သည်ဖြစ်ရာ မှန်ကန်သောမဲစာရင်းဖြစ်မြောက်ရေးအတွက် ပြည်သူများက ပါဝင်ပူးပေါင်းကူညီဆောင်ရွက်သင့်ပါကြောင်း နှိုးဆော်အပ်ပါသည်။ ။

**ကိုးကားချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ရွေးကောက်ပွဲနည်းဥပဒေ။**

**အောင်မင်းကျော်(ပညာ)**

---

## ရပ်စောက်မြို့နယ်၌ ဂျီအီးစီ (ပညာရေးဝန်ထမ်းများ)သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရပ်စောက် စက်တင်ဘာ ၁

ရပ်စောက်မြို့နယ် ဂျီအီးစီ(ပညာရေးဝန်ထမ်းများ)သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ် ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျီအီးစီ(ပညာရေးဝန်ထမ်းများ)သမဝါယမအသင်းလီမိတက်၏ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ရပ်စောက်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄၊၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ ရှေ့လုပ်ငန်းစဉ်များနှင့်ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှုစာရင်းများ အသင်းစာရင်းစစ်အစီရင်ခံစာများအား ဖတ်ကြားတင်သွင်းပြီး သဘာပတိကအတည်ပြုချက်ရယူသည်။



ထို့နောက် အသင်းသားများ၏ သားသမီးများထဲမှ ၂၀၂၃-၂၀၂၄၊ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ၊ ရိုးရိုးအောင်မြင်သူ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်း သိရသည်။ (၄၀၅)

# မုံရွာမြို့နယ်အတွင်းရှိကျေးရွာများမှ ဒေသခံတောင်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အကြောင်း ရှင်းလင်းပြသ၊ သွင်းအားစုများပေးအပ်

**မုံရွာ စက်တင်ဘာ ၁**

တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှကျင်းပသည့် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အကြောင်း ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြသပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိမြတ်သလ္လာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မုံရွာမြို့နယ်အတွင်းရှိ ဒေသခံများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိဦးကိုကိုဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၃၁၅ ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုကြပြီး လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု (ယူရီးယားဓာတ်မြေဩဇာ၊ လယ်ယာသုံးစက်မောင်းဆီ)များ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၃၁၅ ဦးအတွက် သွင်းအားစု(ယူရီးယားဓာတ်မြေဩဇာများနှင့်လယ်ယာသုံးစက်မောင်းဆီ)များပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားသို့တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စားဖိုဆောင် သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် မုံရွာမြို့ ခုတင်-၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးတွင်ကျင်းပသည့် သဲဖြူဆရာတော်ကြီး အမှူးထား၍ အလှူရှင်များ၏လှူဒါန်းမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဦးဆောင်ပါဝင်ပံ့ပိုးမှုတို့ဖြင့် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများ စတုတ္ထနေ့အဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်ပြီးလူနာများကို နေကာမျက်မှန်များ တပ်ဆင်ပေးကာ သောက်ဆေးများ၊ နေ့လယ်စာထမင်း၊ ဟင်းနှင့် သောက်ရေသန့်ဘူးများ လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးသန္တာ**

# ဆီဆိုင်မြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်



**တောင်ကြီး စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ယာယီရပ်ဆိုင်းထားခဲ့ရသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက် နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်(ဆီဆိုင်) ပြန်လည်ဖွင့်လှစ်ပွဲကို ယနေ့ နံနက်၉ နာရီတွင် ပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တပ်မတော်မှတာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းနှင့် တာဝန်ရှိသူများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့မှတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများတက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် နယ်မြေဒေသအခြေအနေအရ ယာယီရပ်ဆိုင်းထားခဲ့ရသည့် ဆီဆိုင်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲအား ယခုလိုပြန်လည်ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာထုတ်ယူမှုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်း/တပ်ဖွဲ့ဝင်များ၏ လစာထုတ်ယူမှုတို့ကို အဆင်ပြေစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မြန်မာ့စီးပွားရေးဘဏ်မှပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူတို့က ဆီဆိုင်မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်း၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူအကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်တာဝန်ရှိသူတို့သည် ဘဏ်အတွင်း၌ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကိုပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ဇင်(ပြည်နယ်၊ ပြန်/ဆက်)**

# အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအနီး ထုံးဘို-စစ်ကိုင်းကားလမ်း၌ စက်သုံးဆီသယ်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်တစ်စီးတိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွား၊ ဒေသခံအချို့ သေဆုံး/ဒဏ်ရာရရှိ





အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအနီး ထုံးဘို-စစ်ကိုင်းကားလမ်း၌ စက်သုံးဆီသယ်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်တစ်စီးတိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားသည့် 7 Star လက်ဖက်ရည်ဆိုင်အား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအနီးရှိ ထုံးဘို-စစ်ကိုင်းကားလမ်း၌ ယနေ့နံနက်ပိုင်းတွင် စက်သုံးဆီများသယ်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူအချို့ သေဆုံး/ ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ မှ စစ်ကိုင်းမြို့သို့ ယာဉ်မောင်း စိုးသူ (၂၉ နှစ်) (ဘ) ဦးလင်းမောင်နှင့်၍ စက်သုံးဆီ ဒီဇယ်(၉၅၀၀) ဂါလန်သယ်ဆောင်လာသည့် NISSAN အမျိုးအစား၊ ဆီဘောက်ဆာယာဉ်အမှတ် MDY/5 7F--- တွဲယာဉ်သည် ယနေ့နံနက် ၆ နာရီ မိနစ်၃၀ ခန့်တွင် ထုံးဘို-စစ်ကိုင်းကားလမ်း၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာရှိ 7 star လက်ဖက်ရည်ဆိုင်အနီးသို့အရောက်၌ မော်တော်ယာဉ်ငယ်နှင့် မော်တော်ဆိုင်ကယ်တို့ကိုရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ အနီးရှိ လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိခဲ့ရာ မော်တော်ယာဉ်ခေါင်းခန်းမှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၆ စီး၊ ရေသယ်ယာဉ် ၅ စီးတို့ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ နံနက် ၇ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လက်ဖက်ရည်ဆိုင်အတွင်းရှိ ဒေသခံအမျိုးသား ၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ရာ ၎င်းတို့အား မန္တလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ မှ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်းထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ သုံးရက်တာကျင်းပခဲ့ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်း ထုတ်ပြန်ခဲ့သည်။

အဆိုပါဖိုရမ်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များ၏တွေ့ဆုံဆွေးနွေးမှုများမှ လူငယ်အချင်းချင်းအပြန်အလှန်လေးစားမှု၊ အတူတကွ ပညာရှာမှီးမှု၊ အတူတကွတီထွင်ဖန်တီးမှုများဖြင့် နိုင်ငံတော်၏အနာဂတ်ကို အရောက်လှမ်းကြမည်ဟု သန္နိဋ္ဌာန်ပြုထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အနာဂတ်တည်ဆောက်မည့်ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်းကို အေးချမ်းသာယာသော၊ တရားဥပဒေစိုးမိုး၍ လုံခြုံမှုရှိသော၊ ဖွံ့ဖြိုးတိုးတက်သော၊ စည်းလုံးညီညွတ်သော၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား သဟဇာတရှိသော နိုင်ငံတစ်ခုကို တည်ဆောက်ကြရန် ရည်ရွယ်သည်။

အဆိုပါကြေညာစာတမ်းတွင်ပညာရေးနှင့်ဗဟုသုတကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ၊ တန်းတူညီမျှမှုနှင့် လူမှုဝန်းကျင်တည်ငြိမ်မှုကဏ္ဍ၊ ဒီမိုကရေစီနှင့် အရည်အချင်းရှိသော ဦးဆောင်မှုကဏ္ဍ၊ လူငယ်များနှင့်တာဝန်ယူမှုကဏ္ဍ စသည့်မြန်မာလူငယ်များ၏ ရည်မှန်းချက်များပါဝင်ကြောင်း သိရသည်။

မြဝတီ

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ တတိယနေ့ ဆက်လက်ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁

"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ အနာဂတ်ပညာရေးနှင့်ကျွမ်းကျင်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့်လူငယ်စွန့်ဦးတီထွင်လုပ်ငန်းများ၊ နိုင်ငံသားပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့်ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်း စသည့်ခေါင်းစဉ်ငါးခုကို အဖွဲ့များခွဲ၍ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ် ကျောင်းသား၊ ကျောင်းသူများက "လန်းဆန်းနိုးထ ဉာဏ်စမ်းအစီအစဉ်" အဖြစ် Energizer Quiz များကို ပါဝင်ဖြေကြားကြပြီး အဖွဲ့လိုက်ဆွေးနွေးထားသောဆွေးနွေးချက်များကို ကိုယ်စားပြုလူငယ်တစ်ဦးစီက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ တာဝန်ရှိသူများက လူငယ်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ် ကျောင်းသား၊ ကျောင်းသူများက လူငယ်အမြင်နှင့် ဆန္ဒစစ်တမ်းကိုဖြေဆိုကြပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက စစ်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုက အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်- ၂၀၂၅ ကြေညာစာတမ်း(မူကြမ်း) ရေးဆွဲမှု၊ ဖိုရမ်ဆင်းလူငယ်ကွန်ရက်ဖွဲ့စည်းမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုလူငယ် ၁၅ ဦးတို့က အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်းကိုအတည်ပြုဖတ်ကြားကြသည်။

ဆက်လက်၍မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုတို့က ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီက ဖိုရမ်နှလုံးသားသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

ဖိုရမ်အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ခင်းကျင်းပြသထားသည့် MSME အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်းသိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | ကျိုင်းတုံ | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၁၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၀၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၀၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် စက်တင်ဘာ ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KIA EV 5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Aion V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Super Seven Stars Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် IM-LS7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ

❖ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်၊ မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့်အခမ်းအနားများကိုလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့၊ ဆက်လက်၍လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးထောက်ခံပေးနိုင်ပါရန် အလေးအနက်ထားမေတ္တာရပ်ခံလို . . .

❖ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကိုပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိ . . .

★ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ SCO ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် လေးစားအပ်ပါသော လုပ်ဖော်ကိုင်ဖက်များ တီယန်ကျင်းမြို့သို့ SCO Plus အစည်းအဝေး လာရောက်တက်ရောက်ကြသည့်အတွက် ကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေး၏ဆောင်ပုဒ်မှာ **“ဘက်စုံမူဝါဒကျင့်သုံးခြင်း၊ ဒေသတွင်းလုံခြုံရေးကို ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန်”** ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုပဏာမအဆိုပြုချက်(Global Governance Initiative(GGI) (၅)ချက်ကို မိမိအနေဖြင့် အဆိုပြု တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SCO အဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အကူဖြစ်စေမည့်ယခုအစည်းအဝေးသည် အောင်မြင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက ဆွေးနွေးပြောကြားသည်။ ထို့နောက် ဘီလာရုစ်နိုင်ငံသမ္မတ၊ အီရန်နိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ္စတန်နိုင်ငံသမ္မတ၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ တာဂျစ်ကစ္စတန်သမ္မတ၊ ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ အဇာဘိုင်ဂျန်နိုင်ငံသမ္မတ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ၊ မော်လ်ဒိုက်နိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ တူကီယဲသမ္မတနိုင်ငံသမ္မတ၊ အီဂျစ်နိုင်ငံဝန်ကြီးချုပ်၊ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားလှယ်၊ အိန္ဒိယနိုင်ငံကိုယ်စားလှယ်တို့က အသီးသီးဆွေးနွေးပြောကြားကြသည်။

ထိုသို့ နိုင်ငံအလိုက် ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်းထိပ်သီးအစည်းအဝေးကို မိမိအားပါဝင်တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုအစည်းအဝေး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား တက်ရောက်အမှာစကားပြောကြားခွင့်ရရှိသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့်ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်းထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန်နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ယခုနှစ်အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)သည် ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက ဒေသတွင်း လုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး စက်မှုထိပ်သီးနိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပေါကြွယ်ဝသည့်နိုင်ငံများ၊ မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသည့်နိုင်ငံများ၊ စိုက်ပျိုးမွေးမြူရေးအားကောင်းသည့်နိုင်ငံများ စသည်ဖြင့်ပါဝင်ပါကြောင်း၊ ယခုအခါ **အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့်အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြ**ပါကြောင်း၊ **ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ဖို့အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့်အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးPlatformတစ်ခုအဖြစ်ကို ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိ**ပါကြောင်း။

**ယနေ့ကျင်းပပြုလုပ်သည့်ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်းထိပ်သီးအစည်းအဝေးကို နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာတက်ရောက်လာမှုအတွက် မိမိတို့ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသောစည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိ**ပါကြောင်း၊ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့်ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကိုဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အခြေခံမူများဖြစ်သည့် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာအား လေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေးတို့ကို မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် နိုင်ငံတကာစင်မြင့်ပေါ်တွင် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများပြုလုပ်ရာတွင်ထားရှိသည့် ခိုင်မာသောအခြေခံအုတ်မြစ်နှင့် များစွာအလားသဏ္ဍာန်တူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်၊ မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများကိုလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် အလေးအနက်ထား မေတ္တာရပ်ခံလိုပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီ-နိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများစွာရှိပါကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကိုပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့်စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားရှိပါကြောင်း။

လုံခြုံရေးကဏ္ဍတွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရ

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး၌ ပြည်တွင်းပြည်ပ သတင်းထောက် ၃၀၀၀ ခန့် သတင်းရယူတင်ဆက်လျက်ရှိ

**တီယန်ကျင်း စက်တင်ဘာ ၁**

တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ယနေ့ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး၌ နိုင်ငံတကာမီဒီယာများနှင့် တရုတ်နိုင်ငံအခြေစိုက်မီဒီယာသမားပေါင်း ၃၀၀၀ မှာ မီဒီယာစင်တာ၌တက်ရောက်၍ သတင်းရယူတင်ဆက်လျက်ရှိပြီး လွယ်ကူစွာသတင်းရယူတင်ဆက်နိုင်ရေးအတွက် တရုတ်နိုင်ငံအစိုးရက စီစဉ်ဆောင်ရွက်ပေးထားသည်။

အဆိုပါမီဒီယာစင်တာ၌ သတင်းထောက်များ အချိန်နှင့်တစ်ပြေးညီ သတင်းတင်ဆက်နိုင်ရေးအတွက်ပြင်ဆင်ပေးထားပြီး တရုတ်နိုင်ငံ၏နည်းပညာများနှင့် ယဉ်ကျေးမှုလက်မှုပညာများကို လေ့လာခွင့်ရရှိရန်စီစဉ်ထားသည်။

မီဒီယာစင်တာ၌ နည်းပညာမြင့်စက်ရုပ်များကိုပါ ထည့်သွင်းဝန်ဆောင်မှုပေးထားပြီး Xiaohe အမည်ရှိစက်ရုပ်အမျိုးသမီးက သတင်းထောက်များ၏ သိရှိလိုသည်များကို ရှင်းလင်းဝန်ဆောင်ပေးလျက်ရှိသည်။ အဆိုပါစင်တာ၌ တိုက်ရိုက်သတင်းတင်ဆက်မှုအတွက် အပြင်အဆင်များ၊ Multi Camera စနစ်များ၊ အလိုအလျောက်သတင်းစာသားရေးထိုးမှုစနစ်များနှင့် သတင်းထုတ်လွှင့်ရန်အတွက် စတူဒီယိုများစွာကို ဖန်တီးအားဖြည့်ထားသည်ကို မြင်တွေ့ရသည်။

ထို့ပြင် Augmented Reality (AR) နှင့် Virtual Reality (VR) ပြခန်းများကိုလည်း တင်ဆက်ပြသထားပြီး သတင်းထောက်များအတွက် နည်းပညာပံ့ပိုးမှုပေးအပ်သွားမည်ဖြစ်သည်။ မြန်နှုန်းမြင့်အင်တာနက်အား မီဒီယာစင်တာတစ်ခုလုံး လွှမ်းခြုံနိုင်စေရန် စီစဉ်ပေးထားသည့်အပြင် သတင်းထုတ်ပြန်ချက်များနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ကျင်းပသည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပေါင်းများစွာကိုလည်း သတင်းရယူနိုင်ကြကြောင်း သိရသည်။

ခင်ရတနာ



**❖ လုံခြုံရေးကဏ္ဍတွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကိုတိုက်ဖျက်ရာတွင် ထိရောက်သည့် အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရ . . .**

သည့်အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာတွင် ထိရောက်သည့်အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါကြောင်း၊ ထို့အပြင် **ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု (AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင်ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံးတိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့်အလားအလာများကိုလည်း တွေ့မြင်ရ**ပါကြောင်း၊ မိမိတို့ **မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏မူဘောင်များအောက်မှ ပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလို**သည်ကို ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး Mr. Xi Jinping က ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုပဏာမအဆိုပြုချက်(Global Governance Initiative(GGI) (၅)ချက်ကို တင်သွင်းခဲ့ပါကြောင်း၊ အဆိုပြုချက်(၅)ချက်သည် မိမိအရှေ့ပိုင်းတွင်ဆွေးနွေးတင်ပြခဲ့သည့် အခြေအနေများနှင့်ထင်ဟပ်နေပါကြောင်း၊ လက်တွေ့ကျပါကြောင်း၊ နိုင်ငံအများအပြား ရင်ဆိုင်နေရသည့် မမျှတမှုများကို ယခုအဆိုပြုချက်(၅)ချက်ပါ လုပ်ငန်းရပ်များနှင့် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီး Mr. Xi Jinping ရဲ့ အဆိုပြုချက်ကိုထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေနဲ့ မိမိတို့မြန်မာနိုင်ငံအနေဖြင့် "၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(SCO Development Strategy for the Next Decade : 2025-2035)" ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ကို အခိုင်အမာပြောကြားလိုပါကြောင်း။

အဆွေတော် သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသည့် ဧည့်သည်တော်များအားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားများအားလုံး ဘေးအန္တရာယ်ကင်းဝေးစွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံများမှခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Thongloun Sisoulith တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❑ ကျောဖုံးမှအဆက်**

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတနှင့်အတူ လာအိုနိုင်ငံအစိုးရအဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများ ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ **မြန်မာနိုင်ငံ၌ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လာအိုနိုင်ငံမှထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ**နှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြင်ဦးလွင်မြို့၌ သုတေသနနည်းပညာ (Research Methodology)သင်တန်းဖွင့်လှစ်

ပြင်ဦးလွင် စက်တင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် သုတေသနနည်းပညာ (Research Methodology) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) သုတေသနလေ့ကျင့်ရေးဗဟိုဌာန (Research Training Centre) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ယခုသင်တန်းမှ သင်ကြားပို့ချလိုက်သည့် သုတေသနနည်းပညာနှင့် ကျင့်ဝတ်များကို အသုံးချကာ သုတေသနစွမ်းဆောင်ရည် ပြည့်ဝစွာ ပါရဂူဘွဲ့သင်တန်းသားများ ပြုစုတင်သွင်းမည့် ဘွဲ့လွန်ကျမ်းများမှရရှိမည့် သုတေသနတွေ့ရှိချက်ရလဒ်များကို အသုံးချပြီး ပြည်သူလူထု၏ကျန်းမာရေးပြဿနာများအဖြေရှာရာ၌ အသုံးပြုနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)ရှိ သုတေသနလေ့ကျင့်ရေးဗဟိုဌာန (Research Training Centre)၏ စာသင်ဆောင်များ၊ သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်များနှင့် စားရိပ်သာတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်၍ သင်တန်းသို့ တက်ရောက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါရဂူဘွဲ့သင်တန်းသား ၆၃ ဦးကို ဆေးသုတေသနဦးစီးဌာနမှ ဝါရင့်သုတေသီများက Research Methodology ဆိုင်ရာများကို သင်ကြားဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းသားများကို အုပ်စုခြောက်စုခွဲကာ သင်တန်းကာလသုံးရက်အပြီးတွင် သုတေသနအဆိုပြုလွှာများ (Research Proposal) များ တင်သွင်းကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# Myawady In English

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing participates in Shanghai Cooperation Organization-SCO Summit 2025 Plus



Senior General Min Aung Hlaing takes part in the Shanghai Cooperation Organization(SCO) Summit 2025.

NAY PYI TAW September 1

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing participated in discussions at the Shanghai Cooperation Organization-SCO Summit 2025 Plus held at Tianjin Meijiang Convention Centre in Tianjin of the People's Republic of China today.

The Summit was also attended by Chairman of the SCO Summit President of the People's Republic of China H.E. Mr. Xi Jinping, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, State leaders from SCO member countries, observer countries, dialogue partner countries, and 24 invited countries, United Nations Secretary-General Mr. Antonio Guterres and leaders of international organizations.

In his key address, the Chinese President said that he warmly welcomed distinguished partners who have come to attend the SOC Plus Summit in Tianjin. Today's Summit theme is: **"Promoting sustainable development through the implementation of a comprehensive policy and the maintenance of regional security."** He said he will personally propose and advance the five points of the Global Governance Initiative (GGI). In his greetings he was confident that this summit will be successful and will contribute to the SCO's development, regional peace and stability, economic growth, and overall prosperity.

Then, the Chair of the Summit, the President of PRC delivered a speech. The President of Belarus, the President of Iran, the President of Kazakhstan, the President of Kyrgyzstan, the Prime Minister of Pakistan, the President of the Russian Federation, the President of Tajikistan, the President of Uzbekistan, the Secretary-General of the United Nations, the President of Mongolia, the Prime Minister of Vietnam, the President of Azerbaijan, the Prime Minister of Armenia, the Prime Minister of Cambodia, the President of the Lao People's Democratic Republic, the President of Maldives, the Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, the Prime Minister of Nepal, the President of Turkyie, the Prime Minister of Egypt, the President of Turkmenistan, the Prime Minister of Malaysia, the Representative of Indonesia, the Representative of India also made speeches.

In giving speeches by relevant countries, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered a speech. He said: First of all, I would like to extend my greet ings, Mingalaba to all the State leaders and distinguished guests attending this summit. I also wish to express my gratitude for being invited to participate in the Shanghai Cooperation Organization (SCO) Summit 2025 Plus, and it is a great honour and pleasure for me to have the opportunity to speak at this meeting on behalf of the Republic of the Union of Myanmar, as a dialogue partner of the SCO.

I would like to once again express my special gratitude for the efforts made to ensure the successful organization of today's Shanghai Cooperation Organization (SCO) Summit 2025 Plus, and for enabling the participation of State leaders from more than 20 countries as well as representatives from international organizations. I extend my sincere thanks to the People's Republic of China, the SCO Chair for this year, President H.E. Mr. Xi Jinping, and all responsible officials involved.

Since its establishment on 15 June 2001 in Shanghai, the People's Republic of China, the Shanghai Cooperation Organization (SCO) has served as a forum for regional security. Its membership has included major industrial countries, nations rich in oil and natural gas, countries abundant in aboveground and underground resources, and agriculturally and livestock-productive nations. Currently, some powerful countries have leveraged various political, economic, financial, and military pressures to advance their own interests under the guise of promoting democracy in line with their policies, while taking advantage of situations within other countries. In response to such circumstances, the SCO has evolved into a strategic organization promoting economic integration and cultural exchanges. Today, it serves as a platform for comprehensive cooperation among member states, dialogue partners, and observer countries, enabling coordinated responses to global challenges.

The successful convening of today's Shanghai Cooperation Organization (SCO) Summit 2025 Plus, with the full participation of State leaders, demonstrates that our Europe-Asia region can realize its aspirations through strong unity, coordinated action, and cooperation. It reflects the need for mutual trust, respect for diverse cultures, equality, and shared development, guided by the principles of the Shanghai Spirit. Under this framework, we must work together to prioritize peace, stability, and prosperity for all.

The principles of the Shanghai Cooperation Organization (SCO), namely non-interference, respect for sovereignty, and equality, align closely with the strong foundation that countries like Myanmar uphold for constructive engagement on the international stage. Myanmar was

See Page - 19►►

►► From Page - 18

granted dialogue partner status with the SCO in May 2023 and has actively participated in events organized by the SCO. Myanmar earnestly requests support to become a full member of the SCO and continue its active cooperation.

As an ASEAN member state, Myanmar is an agriculture-based country strategically located in a geopolitically significant region with a favourable tropical climate. This positions Myanmar to advance from agricultural development to agro-based industrial growth, offering significant opportunities for economic cooperation.

The SCO represents nearly 40 percent of the global population and approximately 30 percent of global GDP. It prioritizes enhancing economic cooperation among member states, utilizing resources collectively for energy projects, including oil and natural gas production, as well as food and energy security. Given Myanmar's abundant natural resources, it aims to strengthen investment and cooperation with SCO member states in agriculture, industry, and energy for mutual economic progress.

In the security domain, the SCO actively combats terrorism, achieving notable success in countering threats from terrorism, separatism, and extremism. It also emphasizes cooperation in modern technologies, such as artificial intelligence (AI) and digital data governance, enabling member states to benefit from technological advancements and collectively address future technology-based threats. Myanmar seeks to contribute to regional security and technological development under the SCO framework.

Myanmar supports Chinese President Xi Jinping's Global Governance Initiative (GGI), comprising five proposals that align with the discussed principles and are practical for addressing global inequalities. Myanmar firmly believes these initiatives will lead to success and expresses its endorsement of President Xi's proposals.

In conclusion, Myanmar welcomes and supports the "SCO Development Strategy for the Next Decade: 2025–2035." It commits to actively engaging in cooperative efforts under the SCO framework, based on mutual friendship, understanding, and respect for shared prosperity.

Myanmar extends its best wishes for the safety, health, and prosperity of all global citizens and nations as well as the Chairman.

Before the meeting, Senior General Min Aung Hlaing held separate discussions with the Malaysian Prime Minister, the Mongolian President, the Nepali Prime Minister, the ASEAN Secretariat, the SCO Secretariat, the Pakistani Prime Minister and leaders from other nations attending the meeting to strengthen bilateral friendship and cooperation.

**100**

■■ From Page - 21

high-level Myanmar delegation left Tengla Hotel in Tianjin in a motorcade and observed urban developments all along the route.

On arrival at the Tianjin Port, the Senior General and party were welcomed by port officials.

The port administrator reported on matters relating to the port, and a port official on salient points of the port, domestic and international freight services of the port, ongoing cross-country trade, port development project, AI applied container terminalservices, activities to ensure a carbon-free port and use of wind power for operations.

Regarding the reports, the Senior General asked for more information.

The Senior General and party observed container terminal services that were operating with AI technology and other port functions.

Then AI-run container trucks of the port displayed the acronym "SCO" of the Shanghai Cooperation Organization (SCO SUMMIT 2025).

The Senior General and party posed for group documentary photos and exchanged gifts with the port administrator.

The Tianjin Port is the core of the Binhai New Area (BNA) district of Tianjin municipality, the main special economic zone of northern China, and is located near Haihe River on the west bank of Bohai Bay in Tianjin municipality. The port is projected to become the main supply and transport facility of northern China. It was inaugurated in October 1952 as a deepwater seaport/river port. It has a total area of 470 square kilometers including 121 square kilometers of land surface and a total of over 217 berths including 140 production berths. The Tianjin port is running its container terminal services through AI technology, and has a depth of 22 meters (77 feet) and can accommodate up to 300,000-ton vessels. It is exporting over 500 million tons of freight and 13 million containers every year. It is providing services for 14 regions and provinces of the country. Its total volume of port services is more than half of the volume of the entire China.

**100**

# Mingin Township cultivates more than 3,000 acres of groundnut as monsoon crop

MINGIN September 1

Mingin Township Agriculture Department of Sagaing Region stated that local farmers planted a total of 3,017 acres of groundnut in the township this year.

During the 2025-2026 monsoon cropping season, it has been planned to cultivate 5,905 acres of groundnut in Mingin Township. Planting began in May this year, and as of today, 3,017 acres have already been cultivated.

"For this year's monsoon season in Mingin Township, we have planned to grow over 5,000 acres of groundnut. So far, more than 3,000 acres have already been planted. Efforts are ongoing to ensure the full target acreage is met. As an oil crop, groundnut is progressing successfully, and cultivation has been increasing year by year," said Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture.

In Mingin Township, groundnut cultivation requires about one and a half baskets of seeds per acre. The total cost per acre—including seed costs, labor wages, fertilizers, and pesticides—is over Ks-200,000. Yields average over 50 baskets per acre.

This year, to ensure successful groundnut production, prevent pest and disease outbreaks, and maintain weed-free fields, staff from the Mingin Township Department of Agriculture are conducting field inspections and keeping monitoring records in cultivation areas.

**SK**

# Over 7,000 acres of green gram harvested in ChaungU Township this monsoon

CHAUNGU September 1

Statistics of ChaungU Township Agriculture Department stated that local farmers have harvested 7,725 acres of green gram in ChaungU Township of Sagaing Region this year.

In ChaungU Township, a total of 8,823 acres of pre-monsoon green gram were cultivated during this year's pre-monsoon season. Harvesting of these green gram fields began in June and, as of today, 7,725 acres have been harvested, yielding an average of 15.79 baskets per acre.

"This year, ChaungU Township saw green gram cultivation across 8,823 acres in the pre-monsoon season. As of now, 7,725 acres have already been harvested. We've provided education and guidance on expanding cultivation, and emphasized the use of quality and pure seeds to improve yield," said U Tint Swe, head of the Township Department of Agriculture in ChaungU.

The Department of Agriculture has been supporting green gram farmers by promoting the use of high-quality, region-appropriate, and pure seeds, proper planting techniques, pest control methods, and systematic use of fertilizers to help improve productivity. During this year's monsoon crop season, farmers have been guided and supported through the provision of quality seeds, inputs, and post-harvest technologies to ensure better yield and quality in various types of pulses.

**SMK**

# Natmauk Township to grow over 24,000 acres of rainfed rice in this monsoon

NATMAUK September 1

Natmauk Township has designated 24,925 acres for the cultivation of rainfed rice, aiming to achieve a surplus in local production. As of now, 5,820 acres have already been planted. The Township Agriculture Department is closely monitoring planting efforts to ensure the target is achieved and potentially exceeded.

Farmers in Natmauk Township primarily grow rice varieties such as Manaw Thukha, Sin Thukha, Eyarmin, Yadanar Toe, Sar Pho Tha, and GW-11. These varieties are selected based on their suitability to local conditions and farmer preferences. Cultivation methods include direct seeding and the use of rice planters, with technical guidance from the Township Agriculture Department.

To ensure successful cultivation and high yields, the Agriculture Department is distributing rice seeds well-suited to the region and promoting proper planting techniques.

**SK**

# Jordanian field hospital fits 583 prosthetic limbs for Gaza amputees

AMMAN September 1

A Jordanian field hospital in southern Gaza has fitted 583 prosthetic limbs for amputees since its deployment, the Jordan Armed Forces (JAF) said on Monday.

The initiative, overseen by the Royal Medical Services in cooperation with the Jordan Hashemite Charity Organization and local partners, aims to ease the suffering of amputees and help them return to daily life, according to the statement.

The hospital said each fitting takes about an hour and is provided free of charge. Medical teams also offer physiotherapy, psychological and social support, and guidance on prosthetic care through two mobile clinics.

All procedures are documented electronically via the Hakeem program, allowing patients to follow up remotely with rehabilitation specialists in Jordan.

Jordan dispatched two field hospitals to northern and southern Gaza on September 16, 2024, under the Restoring Hope initiative, launched on royal directives to support thousands of amputees affected by the war, the JAF added.

At least 63,557 Palestinians have been killed in Gaza since Israel's offensive began in October 2023, the enclave's health authorities said on Monday. They added that 98 bodies were brought to hospitals in the past 24 hours, while 404 people were wounded, bringing the total number of injuries to 160,660.

**Xinhua**

# Over 800 killed, nearly 3,000 injured in eastern Afghanistan earthquake



KABUL September 1

At least 812 people have been confirmed dead and 2,817 others injured in a 6.0-magnitude earthquake that struck eastern Afghanistan, Zabihullah Mujahid, spokesman for the Afghan interim government, said on Monday.

Mujahid reported that the majority of the devastation occurred in the Nurgal, Suki, Watapur, and Chapa Dara districts of Kunar Province, with 800 confirmed deaths and 2,500 injuries.

In neighboring Nangarhar province, 12 people were killed and 255 were injured, while Laghman Province recorded 58 injuries and Nuristan Province saw 4 injuries.

The casualty figures are initial estimates and are likely to rise as evaluations progress, the official stated.

The rugged terrain has posed significant challenges for relief teams, but response units from relevant agencies have been deployed to the affected areas to expedite rescue operations and aid delivery to those trapped or in need, Mujahid added.

The earthquake struck the eastern part of Afghanistan at 11:47 p.m. local time on Sunday, with the epicenter located 27 km northeast of Jalalabad, the capital of Nangarhar Province, at a depth of eight km.

**Xinhua**

# U.S. widens visa ban on Palestinian passport holders

WASHINGTON September 1

The administration of U.S. President Donald Trump has broadened its visa restrictions on Palestinian passport holders, halting approvals for nearly all categories of non-immigrant visitor visas, reported The New York Times on Sunday.

The expanded suspension covers applications for medical treatment, university study, business travel, and visiting friends or family, said the report.

The measure, laid out in an Aug. 18 cable from the State Department to U.S. embassies and consulates, marks a sweeping extension of earlier measures that applied only to residents of Gaza. The new policy now targets Palestinians in the West Bank and across the diaspora.

Earlier this month, the Trump administration also revoked visas from members of the Palestine Liberation Organization and the Palestinian Authority, preventing them from attending the upcoming United Nations General Assembly in New York.

The U.S. State Department said the decision was based on national security concerns, accusing Palestinian leaders of failing to renounce terrorism.

**Xinhua**

# Houthis detain UN staff in Yemen

SANAA September 1

The Houthi group has detained at least 11 United Nations staff members in Yemen after storming the international body's offices in the capital, Sanaa, and the port city of Hodeidah, the UN special envoy said on Sunday.

The raids came in response to an Israeli airstrike on Thursday that killed Ahmed Ghaleb Nasser al-Rahawi, the Yemeni militant group's prime minister, along with several senior officials.

A Yemeni security source told AFP that the Houthis also arrested dozens of others across Sanaa and surrounding areas on suspicion of collaborating with Israel.

UN Secretary-General Antonio Guterres said the militants forcibly entered World Food Program facilities, seized UN property, and attempted to break into other agency offices.

Hans Grundberg, the UN special envoy for Yemen, condemned "the new wave of arbitrary detentions of UN personnel" and demanded they be released "immediately and unconditionally."

"The work of UN personnel is designed and conducted under the principles of neutrality, impartiality, independence, and humanity," he said. "These arrests violate the fundamental obligation to respect and protect their safety, dignity, and ability to carry out their essential work in Yemen."

According to Grundberg, the Houthis were already holding 23 UN staff, some since 2021. One died in custody earlier this year.

The group previously accused detained aid workers of involvement in "an American-Israeli spy network," an allegation the UN rejects.

Since the outbreak of the Gaza war, Houthi forces have expanded their operations beyond Yemen, launching drones and missiles at Israel and targeting commercial shipping in the Red Sea in what they describe as solidarity with the Palestinian cause.

Israel has responded with repeated airstrikes on Houthi positions in Yemen, including last week's attack on the presidential palace in Sanaa.

Following the death of al-Rahawi, the Houthis vowed to escalate their campaign against Israel.

The group issued a series of statements warning of a strong retaliation. Major General Mohammed Nasser Al-Atifi, the Houthi Defence Minister, said their armed forces are fully prepared to confront Israel and claimed that "America is targeting civilians in Yemen, just as it is doing in Gaza." **RT**

# Helicopter with 8 people aboard missing in Indonesia

JAKARTA September 1

A helicopter carrying eight people has gone missing after losing contact with air traffic control in Indonesia's South Kalimantan Province on Monday, according to Dendy Prasetyo, a press officer for the provincial search and rescue office.

The communication failure occurred at 8:54 a.m. local time, shortly after the helicopter took off.

The aircraft had departed from an airport in Kotabaru regency and was en route to Palangkaraya, capital of the nearby Central Kalimantan Province.

A search and rescue operation, involving local search and rescue personnel and police, was launched immediately after contact was lost. **Xinhua**

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds discussions with President of Lao People's Democratic Republic H.E. Mr. Thongloun Sisoulith


Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds talks with President of Lao PDR H.E. Mr. Thongloun Sisoulith.

NAY PYI TAW September 1

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in the People's Republic of China on his working visit, held discussions with President of the Lao People's Democratic Republic H.E. Mr. Thongloun Sisoulith at Renaissance Tianjin Lake hotel in Tianjin at 12 noon local time this afternoon.

First, the President of the LPDR cordially greeted the Senior General and held discussions.

Also present together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, commission members of his entourage, union ministers, the Myanmar ambassador to China and senior military officers and the President of the LPDR was accompanied by officials from the government of the LPDR.

The Senior General and the LPDR President exchanged views on matters related to border stability, promotion of cooperation and friendship between the two governments, further promotion of tourism and trade sectors, cooperation between the two armed forces, support for successfully holding elections in Myanmar, plans to send election observers and enhancing cooperation in other sectors. **100**

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation visit Tianjin Port

NAY PYI TAW September 1

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in the People's Republic of China to pay a working visit, accompanied members of the entourage, visited Tianjin Port at 10 am local time today.

First, the Senior General and

See Page - 19 ■■


Senior General Min Aung Hlaing hears a report on functions of Tianjin Port.



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပဲခူးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လိုအပ်သည့် ဒေသခံပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် ဆောင်ရွက်ပေး



**နေပြည်တော် စက်တင်ဘာ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူပြီး Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသည့်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့နယ် ဦးစီးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများက ဒေသခံပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက်ကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံး/ပျက်စီးမိတ္တူလျှောက်ထားမှုများ စိစစ်ဆောင်ရွက်ပေးနေမှုနှင့် ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ ပဲခူးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနရုံး အဆောက်အအုံနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ပြီး ဝန်ထမ်းအိမ်ရာများဆောက်လုပ်ထားရှိမှု၊ တစ်ပိုင်တစ်နိုင် စိုက်ခင်းများစိုက်ပျိုးဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများကိုတွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် ပါတီအသီးသီး၏ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီးသွားသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူပြီး Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေး၍ မြို့နယ်ရုံး၏ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို လှည်းကူးခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်းတိကျမှန်ကန်ရေး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် ပါတီအသီးသီး၏ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**




**ပျောက်ဆုံးကြောင်း**
သက်နိုင်ထွန်း(ဘ)ဦးတင်ထွန်း ၁၂/စခန(နိုင်)၀၅၂၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၀၀၄၀၅၉

**ပျောက်ဆုံးကြောင်း**
အောင်ထိုက်စိုး(ဘ)ဦးစိုးမြင့် ၁၂/ဥကတ(နိုင်)၁၄၀၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၇၃၃၁၃၆

**ပျောက်ဆုံးကြောင်း**
ဝင်းလဲ့လဲ့(ဘ)ဦးစိန်လှကြိုင် ၁၄/ဝခမ(နိုင်)၂၄၃၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၉၅၅၇၈၄

**ပျောက်ဆုံးကြောင်း**
ကျော်ထွန်း(ဘ)ဦးချို ၁၂/စခန(နိုင်)၀၃၁၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၉၃၂၈၉၅

**ပျောက်ဆုံးကြောင်း**
ရဲမြင့်ကျော်(ဘ)ဦးစိုးမြင့် ၁၄/မအပ(နိုင်)၂၂၃၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၁၇၆၅၄၄

**ပျောက်ဆုံးကြောင်း**
သန်းဇော်ဦး(ဘ)ဦးစိုးလွင် ၁၂/ဥကတ(နိုင်)၁၃၄၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၈၀၉၉၁

**ပျောက်ဆုံးကြောင်း**
ဝင်းယုလှိုင်(ဘ)ဦးကျော်ဝင်း ၁၂/ဥကတ(နိုင်)၁၅၆၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၈၇၇၆၆၁

**ပျောက်ဆုံးကြောင်း**
အေးမြင့်(ဘ)ဦးတင်လှိုင် ၁၂/တတန(နိုင်)၁၅၄၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၀၆၉၇

**ပျောက်ဆုံးကြောင်း**
ခိုင်နှင်းဆီ(ဘ)ဦးမြင့်လွင် ၇/ကကန(နိုင်)၀၈၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၁၅၂၇၇၆

**ပျောက်ဆုံးကြောင်း**
ထက်နိုင်(ဘ)ဦးမြင့်နိုင် ၅/အတန(နိုင်)၀၇၀၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၀၁၄၁၂

**ပျောက်ဆုံးကြောင်း**
မျိုးမင်းသန့်(ဘ)ဦးညီညီလွင် ၂/လကန(နိုင်)၀၇၀၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၄၉၅၇၅၇

**ပျောက်ဆုံးကြောင်း**
မင်းဝင်းအောင်(ဘ)ဦးမောင်သောင်း ၁၀/မလမ(နိုင်)၁၇၃၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၂၅၃၇၆၈

**ပျောက်ဆုံးကြောင်း**
စောဒေါင်းထူး(ဘ)စောထူးဒီ ၁၂/အစန(နိုင်)၁၅၅၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၃၆၂၆၆၄

**ပျောက်ဆုံးကြောင်း**
ကောင်းမြတ်ထွန်း(ဘ)ဦးဉာဏ်ထွန်း ၁၂/တကန(နိုင်)၁၈၀၇၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၈၅၀၇၂၄၃

**ပျောက်ဆုံးကြောင်း**
သူဇာအိ(ဘ)ဦးထွေး ၁၂/သကတ(နိုင်)၁၄၁၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၂၀၀၃၄၈

**ပျောက်ဆုံးကြောင်း**
စိုးညွန့်(ဘ)ဦးမောင်ရွှေ ၇/ဇကန(နိုင်)၀၂၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၄၇၀၃၈၄

**ပျောက်ဆုံးကြောင်း**
သက်ဇာလီနွယ်(ဘ)ဦးမင်းအောင် ၁၂/လသယ(နိုင်)၀၇၅၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၆၄၂၂၅၅

**ပျောက်ဆုံးကြောင်း**
သဲစုထွေး(ဘ)ဦးချစ်ထွေး ၉/ညဥန(နိုင်)၁၁၃၃၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန်းထွဋ်(ဘ)ဦးထွန်းရင် ၈/ကမန(နိုင်)၀၆၁၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင်တင်ခိုင်(ဘ)ဦးမြင့်သိန်း ၈/ကမန(နိုင်)၀၄၂၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သူဇာ(ဘ)ဦးလူထုစိန် ၈/ကမန(နိုင်)၀၇၇၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေးတင်ဇာဖြိုး(ဘ)ဦးအောင်ကြည်စိုး ၁၃/တကန(နိုင်)၃၆၀၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ပြည်သာယာ(၃)လမ်းနေ မောင်ဇော်ထက်ပိုင်(ဘ)ဦးဇော်ဝင်း ၃/မဝတ(နိုင်)၀၉၂၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 414642)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၈၅၁၄၇၂

**ပျောက်ဆုံးကြောင်း**
မေမွန်အောင်(ဘ)ဦးမောင်အေး ၉/မထလ(နိုင်)၃၄၆၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 956909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခိုင်ခင်ဌေး(ဘ)ဦးကျော်ဝင်း ၆/ပလန(နိုင်)၀၅၀၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီတာကျော်(ဘ)ဦးကျော်လှိုင် ၁၂/ဗတထ(နိုင်)၀၄၂၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ မသင်းယုစံ(ဘ)ဦးလှအောင် ၇/ပခန(နိုင်)၃၂၈၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇာနည်မော်(ဘ)ဦးသိန်းဇံ ၁၂/သလန(နိုင်)၀၈၅၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၄၀၈၁၉၄၃၁

# ပြောက်ကျားတပ်ဖွဲ့ငယ်အဆင့်မှ နည်းပညာမြင့်စစ်လက်နက်ပစ္စည်းများပြသနိုင်သည်အထိ တိုးတက်လာတဲ့ တရုတ်နိုင်ငံရဲ့စစ်ရေးပြအခမ်းအနားများ - (၁)

ထက်မြတ်

နိုင်ငံတိုင်းမှာ တပ်မတော်တစ်ရပ်ဆိုတာ ရှိသလို အဲဒီတပ်မတော်များကလည်း စစ်ရေးပြခြင်းများကို မဖြစ်မနေဆောင်ရွက်ရလေ့ရှိပါတယ်။ ဥပမာအားဖြင့် လွတ်လပ်ရေးရတဲ့နေ့တို့၊ တပ်မတော်စတင်ဖွဲ့စည်းတည်ထောင်တဲ့နေ့တို့၊ ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုရရှိတဲ့နေ့တို့ အဲဒီလိုမျိုးနေ့တွေမှာ စစ်ရေးပြအခမ်းအနားကို ထည့်သွင်းပြသလေ့ရှိတာပါ။

တခြားနိုင်ငံများနည်းတူ တရုတ်နိုင်ငံသည်လည်း အထိမ်းအမှတ်အခမ်းအနားတိုင်းမှာ စစ်ရေးပြအခမ်းအနားကို ထည့်သွင်းပြသလေ့ရှိပါတယ်။ တရုတ်နိုင်ငံရဲ့စစ်ရေးပြအခမ်းအနားတွေက နာမည်ကြီးပါတယ်။ အထူးသဖြင့် ခြေထောက်တစ်ချောင်းလုံးကိုမြှောက်ပြီး ခြေလှမ်းကျဲကြီးတွေနဲ့လျှောက်တာ၊ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ထုတ်ဖော်ပြသတာတွေကြောင့် နာမည်ကြီးတာပါ။

တရုတ်နိုင်ငံရဲ့ စစ်ရေးပြအခမ်းအနားများကိုပြန်ပြောင်းကြည့်ရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့ ပြောက်ကျားတပ်ဖွဲ့ငယ်လေးအဆင့်မှသည် ယနေ့လိုမျိုး ကမ္ဘာ့အဆင့်မီစစ်လက်နက်ပစ္စည်းများကို ပိုင်ဆိုင်နိုင်တဲ့အခြေအနေမျိုးအထိ ဘယ်လိုမျိုးဆင့်ကဲပြောင်းလဲလာတယ်ဆိုတာကို မြင်တွေ့နိုင်ပါလိမ့်မယ်။ အရင်တုန်းက တရုတ်တပ်မတော်ရဲ့ စစ်ရေးပြအခမ်းအနားမှာ ရန်သူ့ဆီကနေသိမ်းဆည်းရမိတဲ့လက်နက်တွေကိုသာ ထုတ်ဖော်ပြသနိုင်ခဲ့တာပါ။ အခုများတော့ တိုက်ခိုက်ရေးစွမ်းရည်အပိုင်းမှာသာမက စစ်လက်နက်ပစ္စည်းစွမ်းရည်မှာပါ ကမ္ဘာ့အဆင့်မီဖြစ်လာနေပါပြီ။ ဒီတော့ အဲဒီလိုစစ်ရေးပြအခမ်းအနားတွေမှာ ဘယ်လိုတွေပြောင်းလဲခဲ့တယ်ဆိုတာကို အခုတင်ပြပေးသွားပါမယ်။

## မော်စီတုန်းလက်ထက်

တရုတ်နိုင်ငံရဲ့ ယနေ့ခေတ်စစ်ရေးပြအခမ်းအနားများအတွက်စတင်မှုက ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့လို့ပြောရမှာပါ။ အဲဒီအချိန်ဆိုတာ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်တဲ့အချိန်ဖြစ်ပြီး ဒီလိုထူထောင်လိုက်ကြောင်းကို ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာ စစ်ရေးပြအခမ်းအနားနဲ့တကွ ထုတ်ပြန်ကြေညာလိုက်တာဖြစ်ပါတယ်။

အဲဒီစစ်ရေးပြအခမ်းအနားမှာ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တို့မှ စစ်သည်အင်အား ၁၆၄၀၀ ကျော်ပါဝင်စစ်ရေးပြပြီး ထည့်သွင်းပြသတဲ့စစ်လက်နက်ပစ္စည်းတွေကတော့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ထံမှသိမ်းဆည်းရမိတဲ့လက်နက်များနဲ့ ပြည်တွင်းစစ်မှာအမျိုးသားရေးဝါဒီများထံမှ သိမ်းဆည်းရမိတဲ့လက်နက်တွေဖြစ်ပါတယ်။ အဲဒီလက်နက်တွေထဲမှာ အမေရိကန်နိုင်ငံထုတ် P-51 Mustang တိုက်လေယာဉ်များ၊ ဗြိတိန်နိုင်ငံထုတ် Mosquito ဗုံးကြဲလေယာဉ်များနဲ့ ဂျပန်နိုင်ငံထုတ် Type 97 အလတ်စားတင့်များပါဝင်ပါတယ်။

နောက်တစ်နှစ်ဖြစ်တဲ့ ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့ကို အမျိုးသားနေ့အဖြစ်သတ်မှတ်ပြီး ကျင်းပတဲ့စစ်ရေးပြအခမ်းအနားမှာ စစ်သည်အင်အားပေါင်း ၂၄၂၀၀ ကျော်ပါဝင်စစ်ရေးပြတာကိုတွေ့ရပါတယ်။ အဲဒီပမာဏဟာ ဒီကနေ့အချိန်အထိ စစ်သည်အင်အားအများဆုံးသော စစ်ရေးပြအခမ်းအနားအဖြစ် မှတ်တမ်းတင်ထားနိုင်ဆဲပါ။ ဒီစစ်ရေးပြပွဲမှာတော့ ဆိုဗီယက်ပြည်ထောင်စုမှတင်သွင်းဝယ်ယူထားတဲ့ စစ်လက်နက်ပစ္စည်းများကို ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။



တရုတ်နိုင်ငံဟာ ရှေးယခင်တုန်းက ရေကြောင်းအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ ရာစုနှစ်တစ်ခုကျော်အကြာမှသာ ဒီလိုရေကြောင်းအင်အားကြီးနိုင်ငံအဖြစ် ပထမဆုံးပြန်လည်ထွက်ပေါ်လာစေတဲ့ ရေတပ်စစ်ရေးပြအခမ်းအနားကို ၁၉၅၇ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ ဖျက်သင်္ဘောလေးစင်းပါဝင်ခဲ့ပြီး ကျင်းတောင်မြို့ကမ်းရိုးတန်းမှာ အခမ်းအနားကျင်းပခဲ့တာဖြစ်ပါတယ်။ ၁၉၅၉ ခုနှစ် အမျိုးသားနေ့စစ်ရေးပြအခမ်းအနားကျင်းပချိန်မှာ ပြည်တွင်းဖြစ်စစ်လက်နက်ပစ္စည်းများကို ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။ အဲဒီလက်နက်တွေကိုတော့ ဆိုဗီယက်ပြည်ထောင်စုရဲ့အကူအညီနဲ့သာထုတ်လုပ်ခဲ့တာပါ။


## တိန့်ရှောင်ဖိန်လက်ထက်

၁၉၅၉ ခုနှစ် အမျိုးသားနေ့စစ်ရေးပြအခမ်းအနားကိုကျင်းပပြီးချိန်မှာတော့ တရုတ်နိုင်ငံအနေနဲ့ ၁၀ နှစ်တစ်ကြိမ်သာ အမျိုးသားနေ့စစ်ရေးပြအခမ်းအနားကိုကျင်းပတော့မယ်လို့ ထိပ်ပိုင်းခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြပါတယ်။ သို့သော်လည်း ယဉ်ကျေးမှုခေတ်ပြောင်းတော်လှန်ရေးဖြစ်ပွားမှုရဲ့ အကျိုးဆက်များကြောင့် ၁၉၈၄ ခုနှစ်မတိုင်မီအထိ ကြားကာလအတွင်း စစ်ရေးပြအခမ်းအနားတွေကို မလုပ်နိုင်ခဲ့ပါဘူး။ ၁၉၈၄ ခုနှစ်စစ်ရေးပြအခမ်းအနားကိုတော့ ရုပ်မြင်သံကြားကနေတိုက်ရိုက်ထုတ်လွှင့်ပြသခဲ့တဲ့အပြင် စစ်လက်နက်ပစ္စည်းအသစ်တစ်မျိုးကိုလည်း လူသိရှင်ကြားထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။ အဲဒီစစ်လက်နက်ပစ္စည်းကတော့ တရုတ်ပြည်တွင်းထုတ် Dongfeng-5 တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်အမျိုးအစားပါ။

တရုတ်နိုင်ငံက အဲဒီဒုံးကျည်ကိုထုတ်ဖော်ပြသနိုင်ခဲ့တာကြောင့် ကမ္ဘာပေါ်မှာ အမေရိကန်နိုင်ငံနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ပြီးရင် ကမ္ဘာ့တိုက်ကြီးများကြား နျူကလီးယားလက်နက်နဲ့ပစ်ခတ်နိုင်တဲ့စွမ်းရည်ကိုပိုင်ဆိုင်သူ တတိယမြောက်နိုင်ငံအဖြစ်ရောက်ရှိလာပါတယ်။ Dongfeng-5 ဒုံးကျည်ဟာ တရုတ်နိုင်ငံရဲ့ အာကာသအစီအစဉ်များအတွက်အရေးပါတဲ့ Long March ဒုံးပျံများထုတ်လုပ်မှုရှေ့ပြေးပုံစံလည်းဖြစ်ခဲ့ပါတယ်။ စစ်ရေးပြအခမ်းအနားပြီးနောက် နိုဝင်ဘာလ ၁ ရက်မှာ တရုတ်နိုင်ငံရဲ့ခေါင်းဆောင် တိန့်ရှောင်ဖိန်က တပ်မတော်ကိုအဆင့်မြှင့်တင်ဖို့ သာမကစစ်သည်အင်အားကိုလည်း တစ်သန်းလောက်အထိ တိုးမြှင့်ဖို့လမ်းညွှန်ခဲ့ပါတယ်။

## ကျန်ဇီမင်းလက်ထက်

ရာစုနှစ်ရဲ့အကောင်းဆုံးစစ်ရေးပြအခမ်းအနားလို့ အမည်ပေးထားတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်မှု နှစ် ၅၀ ပြည့်စစ်ရေးပြအခမ်းအနားကို တီယန်အန်မင်ရင်ပြင်မှာကျင်းပခဲ့ပါတယ်။ သက္ကရာဇ်အားဖြင့်ဆိုရင် ၁၉၉၉ ခုနှစ်ပေါ့။ အဲဒီစစ်ရေးပြအခမ်းအနားမှာတော့ တပ်ဖွဲ့အသစ်တွေကို ထုတ်ဖော်ပြသခဲ့တာပါ။ အဲဒီတပ်ဖွဲ့တွေက ကြည်းတပ်ဆိုင်ရာလေကြောင်းတပ်ဖွဲ့၊ မရိန်းတပ်ဖွဲ့၊ ပြည်သူ့လက်နက်ကိုင်ရဲတပ်ဖွဲ့၏ အထူးတပ်ဖွဲ့တို့အပြင် အရန်အင်အားစုတပ်ဖွဲ့တို့ဖြစ်ပါတယ်။




အဲဒီစစ်ရေးပြအခမ်းအနားမှာတော့ စစ်လက်နက်ပစ္စည်းအမျိုးအစားပေါင်း ၄၂ မျိုးကို ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။ ဒီစစ်လက်နက်ပစ္စည်း ၄၂ မျိုးထဲမှာ ပထမဆုံးလူသိရှင်ကြားထုတ်ဖော်ပြသခဲ့တဲ့ စစ်လက်နက်ပစ္စည်း နှစ်မျိုးပါဝင်ပါတယ်။ JH-7 တိုက်ခိုက်ရေးဗုံးကြဲလေယာဉ်နဲ့ Dongfeng-31 တာဝေးပစ်လောင်စာခဲသုံးအမြင့်ပျံဒုံးကျည်တို့ဖြစ်ပါတယ်။ ဒီစစ်လက်နက်ပစ္စည်းတွေကိုထုတ်ဖော်ပြသလိုက်ခြင်းကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့ နည်းပညာမြင့်စစ်လက်နက်ပစ္စည်းများထုတ်လုပ်သုံးစွဲမှုဆီ ကူးပြောင်းလာနေပြီဆိုတာကို မြင်တွေ့ခဲ့ရပါတယ်။

## ဟူကျင်တောင်လက်ထက်

တရုတ်သမ္မတ ဟူကျင်တောင်လက်ထက် ၂၀၀၉ ခုနှစ်မှာ စစ်ရေးပြအခမ်းအနားကြီးနှစ်ခုကိုကျင်းပပါတယ်။ ပထမတစ်ခုက ဧပြီလမှာကျင်းပတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)ရဲ့ နှစ်(၆၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားဖြစ်ပြီး ဒုတိယတစ်ခုကတော့ ၁၀ နှစ်တစ်ကြိမ်လုပ်တဲ့ အမျိုးသားနေ့စစ်ရေးပြအခမ်းအနားပါပဲ။

ရေတပ်ရဲ့စစ်ရေးပြအခမ်းအနားဟာ တရုတ်နိုင်ငံအတွက် ပထမဆုံးသောနိုင်ငံပေါင်းစုံပါဝင်တဲ့ စစ်ရေးပြအခမ်းအနားဖြစ်ပြီး နိုင်ငံပေါင်း ၂၉ နိုင်ငံမှကိုယ်စားလှယ်များတက်ရောက်ခဲ့ပါတယ်။ အဲဒီစစ်ရေးပြအခမ်းအနားမှာ ရုရှားနဲ့အမေရိကန်အပါအဝင်နိုင်ငံပေါင်း ၁၄ နိုင်ငံမှစစ်သင်္ဘောများအပြင် တရုတ်နိုင်ငံမှစစ်သင်္ဘော ၂၅ စင်းပါဝင်စစ်ရေးပြခဲ့တာပါ။ မှတ်မှတ်ရရအဖြစ်ဆုံးကတော့ အဲဒီစစ်ရေးပြအခမ်းအနားမှာ တရုတ်နိုင်ငံရဲ့ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ပါတယ်။ Type 091 ဆိုတဲ့ တိုက်ခိုက်ရေးရေငုပ်သင်္ဘောနဲ့ Type 092 ဆိုတဲ့ အမြင့်ပျံဒုံးကျည်တင်ရေငုပ်သင်္ဘောတို့ပဲဖြစ်ပါတယ်။

အောက်တိုဘာလ ၁ ရက်နေ့မှာကျင်းပတဲ့ အမျိုးသားနေ့စစ်ရေးပြအခမ်းအနားကတော့ ၁၉၉၉ ခုနှစ်နဲ့ယှဉ်ရင် စစ်သည်အင်အားနည်းသွားပါတယ်။ စစ်သည် ၈၀၀၀ ကျော်လောက်ပဲပါတာပါ။ ဒါပေမဲ့ စစ်လက်နက်ပစ္စည်းပေါင်း ၅၀၀ ကျော်နဲ့ စစ်လေယာဉ်ပေါင်း ၁၅၀ တို့ပါဝင်စစ်ရေးပြခဲ့တာကိုတွေ့ရှိရပါတယ်။ ပါဝင်စစ်ရေးပြကြတဲ့စစ်လေယာဉ်တွေထဲမှာ J-10 နဲ့ J-11 တိုက်လေယာဉ်များ၊ တတိယမျိုးဆက် Type 99 တိုက်ပွဲဝင်တင့်များ၊ ZBD-09 သံချပ်ကာခြေလျင်သုံးယာဉ်များနဲ့ Changjian-10 မြေပြင်အခြေစိုက် အနိမ့်ပျံဒုံးကျည်များပါဝင်ပါတယ်။ ။

Ref: SCMP

# သွင်းကုန်အခွန်များကို ပယ်ဖျက်လိုက်လျှင် အမေရိကန်နိုင်ငံက ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံဖြစ်မည်ဟု ထရမ့်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်အစိုးရက အခြားနိုင်ငံများအပေါ်ချမှတ်ထားသော သွင်းကုန်အခွန်သတ်မှတ်ချက်များကို ပယ်ဖျက်လိုက်ပါက အမေရိကန်နိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျသော ကမ္ဘာ့နိုင်ငံကြီးအဆင့်သို့ကျဆင်းသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူမှုကွန်ရက်တွင် ရေးထားသည်။

ထရမ့်အစိုးရအဖွဲ့က ချမှတ်ထားသော သွင်းကုန်အခွန်အများစုသည် တရားမဝင်ကြောင်း ပြည်ထောင်စုအယူခံတရားရုံးက ထုတ်ပြန်ကြေညာပြီးနောက် ထရမ့်ကယခုကဲ့သို့ပြောခြင်းဖြစ်သည်။ ထရမ့်အစိုးရအဖွဲ့သည် ကမ္ဘာ့နိုင်ငံအများအပြားအပေါ် သွင်းကုန်အခွန် ၁၀ ရာခိုင်နှုန်းမှ ၄၁ ရာခိုင်နှုန်းအထိချမှတ်ထားခြင်းဖြစ်သည်။

"အမေရိကန်နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့်ပမာဏက ဒေါ်လာ ၁၅ ထရီလီယံအထိရှိပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုအများစုက သွင်းကုန်အခွန်သတ်မှတ်ပြဋ္ဌာန်းလိုက်လို့ဖြစ်ပါတယ်။ ဒါတွေကိုသာ ပယ်ဖျက်လိုက်ရမယ်ဆိုရင် အမေရိကန်နိုင်ငံက ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံအဖြစ်ကိုရောက်ရှိသွားမှာဖြစ်ပါတယ်" ဟု ထရမ့်ကပြောထားသည်။

Ref: RT

# တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်တည်မှုစနစ်အတွက် SCO အဖွဲ့က ဦးဆောင်သူဖြစ်နိုင်ဟု ရုရှားသမ္မတပြော



**တီယန်ကျင်း၊ နိုင်ငံရေး**

တစ်ကမ္ဘာလုံးဆိုင်ရာ ဖြစ်တည်မှုစနစ်အတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)က ဦးဆောင်သူဖြစ်လာနိုင်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏လုပ်ဆောင်မှုများကို ရုရှားနိုင်ငံက ထောက်ခံကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောသည်။

ထို့ပြင် တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ကျင်းပနေသော SCO ထိပ်သီးညီလာခံသို့ နိုင်ငံပေါင်းစုံမှ ထိပ်သီးခေါင်းဆောင်များ တက်ရောက်လာခြင်းသည် SCO အဖွဲ့၏ များပြားလှသောလုပ်ဆောင်ချက်များကို အမှန်တကယ်စိတ်ပါဝင်စားမှုရှိသည်ဟူသော သက်သေပြမှုတစ်ခုပင်ဖြစ်ကြောင်း အဆိုပါထိပ်သီးညီလာခံသို့တက်ရောက်နေသည့် ရုရှားသမ္မတက စက်တင်ဘာလ ၁ ရက်တွင်ပြောခြင်းဖြစ်သည်။

အလားတူ SCO အဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်ပြီးချိန်မှစ၍ ထိုအဖွဲ့အနေဖြင့် ဥရောပ-အာရှဒေသတွင် ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တည်ဆောက်နိုင်ရန်အတွက်သာ ဦးစားပေးလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပူတင်ကမှတ်ချက်ပြုပြောထားသည်။

SCO အဖွဲ့အနေဖြင့် ပိုမိုမျှတမှုရှိသော တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်တည်မှုစနစ်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်တို့အပေါ်အခြေခံကာ ဦးဆောင်မည်ဟုယုံကြည်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်ကအဆိုပြုသော တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်တည်မှုစနစ်လုပ်ငန်း(GGI)ကို ရုရှားနိုင်ငံကထောက်ခံကြောင်း ပူတင်ကဆက်ပြောသည်။

၎င်းအပြင် SCO အဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံ၏သမိုင်းကြောင်း၊ မတူကွဲပြားသောလူနေမှုစနစ်များကို အခြားနိုင်ငံများက အစဉ်အားဖြင့်လေးစားမှုကိုပြသထားကြောင်း ပူတင်ကပြောသည်ဟုသိရသည်။

Ref: RT

# ပါကစ္စတန်၌ နှစ်ရက်အတွင်း မိုးရွာ၊ ရေကြီးမှုကြောင့် လူ ၃၁ ဦးသေဆုံး ၂၆ ဦးဒဏ်ရာရ

**အစ္စလာမ်မာဘတ်၊ သဘာဝဘေး**

ပါကစ္စတန်နိုင်ငံ၌ နှစ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းတို့ကြောင့် အနည်းဆုံးလူ ၃၁ ဦးသေဆုံးပြီး ၂၆ ဦးဒဏ်ရာရရှိကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က စက်တင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် သဘာဝဘေးကို ဆိုးဝါးစွာရင်ဆိုင်ရသည့်ဒေသမှာ ပန်ဂျပ်ပြည်နယ်ဖြစ်ကြောင်း၊ ကလေးငယ်ရှစ်ဦးနှင့်အမျိုးသမီးနှစ်ဦးအပါအဝင် လူ ၂၅ ဦး သေဆုံးထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ခိုင်ဘာပတ်တန်ခွာပြည်နယ်မှ သေဆုံးသူ လေးဦးရှိပြီး ဘာလိုချီစတန်ပြည်နယ်မှ ကလေးငယ်တစ်ဦးနှင့် ကက်ရှမီးယားဒေသမှတစ်ဦးတို့သေဆုံးကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာဆက်လက်ရွာသွန်းမည်ဟု တာဝန်ရှိသူများကပြောသည်။

Ref: Xinhua

# အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ငလျင်လှုပ်မှု ၈၀၀ ကျော်သေဆုံးပြီး ၃၀၀၀ နီးပါးဒဏ်ရာရ

**ကဘူး၊ သဘာဝဘေး**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ရာ လူ ၈၀၀ ကျော်သေဆုံးပြီး ၃၀၀၀ နီးပါးဒဏ်ရာရရှိကြောင်း အာဖဂန်အစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာလ ၁ ရက်တွင်ပြောသည်။ ပြင်းအား ၆ ဒသမ ၀ ရှိသည့် အဆိုပါငလျင်သည် ဩဂုတ်လ ၃၁ ရက်ည ၁၁ နာရီ ၄၇ မိနစ်တွင် ဂျာလာလာဘတ်မြို့၏အရှေ့မြောက်ဘက် ၂၇ ကီလိုမီတာအကွာရှိ မြေအောက်အနက် ၈ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်သည်။

ငလျင်လှုပ်မှုကြောင့် နာဂေါ၊ ဆူကီ၊ ဝါတာပူရနှင့်ချာပါဒါရာဒေသတို့၌သေဆုံးသူအယောက် ၈၀၀ နှင့် ဒဏ်ရာရရှိသူ ၂၅၀၀ ရှိကြောင်း၊ နန်ဂါဟာပြည်နယ်၌ သေဆုံးသူ ၁၂ ဦးနှင့် ဒဏ်ရာရရှိသူ ၂၅၅ ဦးရှိကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောသည်။ ငလျင်ဒဏ်သင့်ဒေသများသည် သွားလာရခက်ခဲသောကြောင့် သေဆုံးသူအရေအတွက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref: Xinhua



# အင်ဒိုနီးရှား၌ လုံခြုံရေးတင်းကျပ် စီစဉ်ထားသည့်ဆန္ဒပြပွဲများကို ဖျက်သိမ်း



**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားနိုင်ငံ၌ အစိုးရကလုံခြုံရေးကိုတင်းကျပ်စွာ တိုးမြှင့်ချထားလိုက်ပြီးနောက် ကျောင်းသားများနှင့်အရပ်ဘက်အဖွဲ့များကလုပ်ဆောင်ရန်စီစဉ်ထားသည့် ဆန္ဒပြပွဲများကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

လွှတ်တော်အမတ်များ၏ ခံစားခွင့်များတိုးမြှင့်ရရှိခြင်းနှင့်ပတ်သက်၍ ပြည်သူများက ဆန္ဒပြမှုများလုပ်ဆောင်လာခြင်းဖြစ်ပြီး ထိုဆန္ဒပြမှုများက ဆူပူအုံကြွမှုအသွင်သို့ပြောင်းလဲလာစဉ် အစိုးရက လုံခြုံရေးကိုတင်းကျပ်စွာချထားခြင်းဖြစ်သည်။ ထို့နောက် ဆန္ဒပြအဖွဲ့များက စက်တင်ဘာလ ၁ ရက်တွင်လုပ်ဆောင်ရန်စီစဉ်ထားသည့်ဆန္ဒပြမှုအစီအစဉ်များကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်တစ်ပတ်အတွင်း အဆိုပါဆန္ဒပြမှုများသည် ဆူပူအုံကြွမှုပုံစံဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကြီးထွားလာခြင်းဖြစ်သည်။ ထိုကဲ့သို့ဆူပူဆန္ဒပြမှုများကြောင့် သေဆုံးသူရှစ်ဦးအထိရှိလာကြောင်းသိရသည်။

Ref: BP

# မြောက်ကိုရီးယား ဆန့်ကျင်ရေး ရေဒီယိုထုတ်လွှင့်မှုကို တောင်ကိုရီးယား ဆိုင်းငံ့

**ဆိုး၊ ချစ်ကြည်ရေး**

မြောက်ကိုရီးယားနိုင်ငံကို ဦးတည်၍ ဆန့်ကျင်ရေးဆိုင်ရာအချက်အလက်များ ထုတ်လွှင့်နေသောရေဒီယိုကို တောင်ကိုရီးယားဘက်က ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁ ရက်တွင်ပြောသည်။


တောင်ကိုရီးယားနိုင်ငံက ယခုကဲ့သို့ မြောက်ကိုရီးယားဆန့်ကျင်ရေးရေဒီယိုထုတ်လွှင့်မှုကိုဆိုင်းငံ့ခြင်းသည် ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနများကဖော်ပြထားသည်။

တောင်ကိုရီးယားအစိုးရသည် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်ပြေလည်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ လုပ်ဆောင်မှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

Ref: AGC

# ကလိန်အောင်မြို့၊ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် နင်းမိုင်းနင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူ နှစ်ဦးဒဏ်ရာရရှိ၊ အသက်(၂)နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံး

ရေဖြူမြို့နယ်၊ မော်လမြိုင် - ရေး - ထားဝယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ အကြမ်းဖက်သမားများက လမ်းများ ပိတ်ဆို့၍ မိုင်းထောင်ထားမှုကြောင့် ဒေသခံပြည်သူများ မိုင်းနင်းမိကာသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




**နေပြည်တော် စက်တင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်း ၁ လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် အသက် (၂) နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးပြီး ကလေးမိဘများမှာ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ကလိန်အောင်မြို့၊ မရမ်းချောင်းကျေးရွာနေ ဦးကိုဦး၊ ဇနီးဖြစ်သူ မဇာခြည်မိုးနှင့်သားဖြစ်သူ အသက်(၂)နှစ်အရွယ် မောင်မြင့်အောင်တို့ မိသားစု ၃ ဦးသည် ကလိန်အောင်မြို့မှ ဈေးဝယ်၍ ပြန်လည်ထွက်ခွာလာစဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မရမ်းချောင်းကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးသို့အရောက်၌ အကြမ်းဖက်သမားများက အများပြည်သူ အဓိက သွားလာလျက်ရှိသည့် ပြည်ထောင်စုလမ်းမကြီးအား သစ်ပင်သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားသဖြင့် အဆိုပါလမ်းမကြီးဘေးဘက်မှ ရှောင်ကွင်းမောင်းနှင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် နင်းမိုင်း ၁ လုံးအား ဆိုင်ကယ်ဖြင့် နင်းမိပေါက်ကွဲခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် အသက် (၂) နှစ်အရွယ် သားဖြစ်သူမှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး မိဘများဖြစ်သည့် ဦးကိုဦးနှင့် မဇာခြည်မိုးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ရာ ၎င်းတို့အား လူမှုကူညီရေးအသင်းများမှ မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့ခြင်းအပြင် ပြည်သူများထိခိုက်သေဆုံးမှုများဖြစ်ပေါ်စေရန် မိုင်းများထောင်ခြင်း၊ ချိန်ကိုက်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသည့် အရပ်ဘက်မော်တော်ယာဉ်များအား အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် လမ်းတံတားများပျက်စီး၍ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်း၊ ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများမှာ သေဆုံး/ ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့်အကြမ်းဖက်သောင်းကျန်းသူများအား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





ကလိန်အောင်မြို့၊ မရမ်းချောင်းကျေးရွာ အဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းနင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူနှစ်ဦးဒဏ်ရာရရှိ၊ အသက်(၂)နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ ပြည်ပသို့ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၃ သန်း ရရှိထား



**ရန်ကုန် စက်တင်ဘာ ၁**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန် အထိ လေးလတာကာလအတွင်း ပြည်ပသို့ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၃ သန်း ရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ ပြောပြချက်အရသိရသည်။

“အခုဘဏ္ဍာနှစ် ဧပြီလကနေ ဇူလိုင်လကုန်အထိ ပြည်ပကို ပျားရည်တင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၇၀၉ ဒသမ ၀၁ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၃ သန်းရရှိခဲ့ပါတယ်။ အဲဒီလို တင်ပို့ခဲ့တာကလည်း ပုဂ္ဂလိကကဏ္ဍကနေ တင်ပို့ခဲ့တာဖြစ်ပါတယ်” ဟု ဦးမျိုးတင့်က ပြောသည်။

ပြည်ပသို့ ပျားရည်တင်ပို့ရာတွင် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၇၀၇ ဒသမ ၇၂ တန်တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၁ ဒသမ ၂၉ တန် တင်ပို့ခဲ့သည့်အတွက် စုစုပေါင်း ပျားရည်မက်ထရစ်တန် ၇၀၉ ဒသမ ၀၁ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၃ သန်း ရရှိခဲ့သည်။

ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့တင်ပို့ပြီး ဂျပန်နိုင်ငံသို့အများဆုံးတင်ပို့ကြောင်း၊ ပြည်တွင်း၌ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ကြောင်း၊ ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှလည်း နိုင်ငံခြားဝင်ငွေရရှိကြောင်းသိရသည်။

စောယု

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၂၄˚င / | ၃၁˚င |
| ရန်ကုန် | ၂၅˚င / | ၃၀˚င |
| မန္တလေး | ၂၆˚င / | ၃၆˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၇၈)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဈ - ၆၁၀၀၀၇

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

စ - ၃၃၅၃၃၅

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဈ - ၄၂၂၃၉၆

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

က - ၂၂၇၄၂၈
ဂ - ၅၄၁၄၇၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

| | | | |
|---|---|---|---|
| က | ၅၆၆၁၇၈ | စ | ၆၅၅၉၂၆ |
| ခ | ၆၃၀၃၆၀ | ခ | ၇၂၈၅၈၁ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

| | | | | | |
|---|---|---|---|---|---|
| င | ၂၁၂၄၄၇ | က | ၄၂၃၁၆၅ | င | ၆၅၄၇၄၅ |
| ဈ | ၃၇၈၇၉၆ | ဈ | ၅၅၁၁၇၂ | ဇ | ၈၃၁၄၄၈ |
| င | ၃၈၂၁၀၁ | က | ၅၀၇၃၀၉ | ဆ | ၉၂၅၇၃၅ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

| | | | |
|---|---|---|---|
| ဇ | ၁၆၂၃၀၂ | ဂ | ၇၉၄၅၉၃ |
| ဂ | ၂၇၄၈၅၂ | င | ၈၁၄၁၆၂ |
| ဆ | ၄၃၇၁၁၁ | ဃ | ၈၄၁၀၆၈ |
| ဃ | ၄၅၁၂၇၄ | ဃ | ၈၄၂၈၃၄ |
| စ | ၆၅၆၇၆၃ | က | ၈၉၁၅၅၄ |
| င | ၆၉၀၆၈၉ | ဃ | ၉၅၈၅၂၇ |
| င | ၇၂၂၈၆၁ | | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀) ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဇ | ၁၈၉၀၁၁ | ဂ | ၄၂၆၈၆၃ | ဇ | ၇၉၃၈၄၁ |
| စ | ၂၁၂၃၀၂ | ဈ | ၅၁၀၀၀၁ | စ | ၉၀၂၁၁၆ |
| ခ | ၂၄၁၈၉၆ | ဂ | ၅၁၂၉၁၄ | ဂ | ၉၅၃၆၅၅ |
| ခ | ၃၀၂၃၃၅ | ခ | ၅၄၉၄၈၄ | က | ၉၆၇၅၆၈ |
| စ | ၃၂၉၉၄၂ | ဇ | ၆၁၆၆၄၇ | ဈ | ၉၆၉၈၈၄ |
| ဃ | ၃၆၉၆၅၈ | ဈ | ၆၈၄၃၉၅ | | |

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဈ | ၁၄၄၃၉၁ | ဂ | ၄၀၇၈၉၂ | စ | ၈၇၂၇၅၁ |
| ခ | ၁၆၈၈၄၈ | ဃ | ၅၇၄၆၃၆ | က | ၈၇၄၉၇၂ |
| က | ၃၀၀၈၈၆ | ဆ | ၆၈၉၂၂၇ | ဂ | ၉၁၁၀၈၅ |
| က | ၃၀၄၀၆၁ | ဃ | ၇၁၉၆၂၆ | စ | ၉၅၇၀၇၁ |
| က | ၃၈၂၈၄၀ | ခ | ၇၇၄၆၃၁ | င | ၉၆၁၆၆၀ |
| ခ | ၃၈၉၁၄၇ | ဈ | ၈၃၆၁၈၄ | | |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်

ဆ - ၁၅၅၇၄ ဈ - ၈၈၀၃၄
ဃ - ၁၆၃၅၆

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၈) ယူနစ်

| | | | |
|---|---|---|---|
| က | ၂၃၆၆ | ဃ | ၅၆၁၁ |
| ခ | ၅၃၅၄ | ဃ | ၅၇၁၀ |
| ခ | ၅၄၀၀ | က | ၆၆၃၄ |
| က | ၅၄၈၈ | ခ | ၆၉၀၁ |

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၃) ယူနစ်

ဇ - ၃၇၆ ဈ - ၅၃၁ က - ၆၀၅

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၅) ယူနစ်

ဈ - ၁၄ ဈ - ၅၈ ဆ - ၆၆
ဃ - ၃၁ ဈ - ၆၂

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ဇ - ၆

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | |
|---|---|---|---|
| ဈ | ၁၄၆၀၄၇ | ဇ | ၅၇၉၂၈၁ |
| ခ | ၅၇၇၉၀၄ | က | ၉၇၀၈၈၈ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဇ - ၅၆၆၆၁ ဃ - ၇၆၃၈၂

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ဈ - ၁၉၄၇
ဇ - ၉၄၃၀

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ဆ - ၂၆၈
စ - ၅၆၂

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၇၈) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၅၆၁၁၉) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၅၆၁၁၉) ဦးဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၇၉) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ည) အက္ခရာထိ အက္ခရာ (၁၀) လုံးဖြစ်ပါသည်။

၃။ (၇၈) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၉-၂၀၂၅) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၅-၉-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ''မာရဝိဇယ''ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၉-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၃၅၅။ | ကွယ်လွန်သူဦးပန်းအောင်အားရည်စူး၍ (ဇနီး)ဒေါ်ညွှန့်ညွှန့်လွင်၊ (သား)ဒေါက်တာထွဋ်မောင်မောင်၊ (သမီး)ဒေါ်အိအိမန်းအောင်၊ (မြေး)မပန်းအင်ကြင်း၊ မပန်းဖြူငွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၃၅၆။ | ကွယ်လွန်သူဘိုးဘိုးကြီး ဦးမာန်သိန်းနှင့် နှစ်ဖက်သောမိဘများအားရည်စူး၍ ဇနီး ဒေါ်ယဉ်နု၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၃၅၇။ | ဦးကြည်ထွဋ်ဝင်းနှင့်ဇနီး ဒေါ်နွဲ့နွဲ့ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၃၅၈။ | ကွယ်လွန်သူဦးကြည်ဟန်အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၃၀၀၀၀ |
| ၁၀၃၅၉။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးပွားနှင့် ဒေါ်အေးသွယ်တို့အားရည်စူး၍ ကျန်ရစ်သူသမီးမနွဲ့နွဲ့ရီကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၃၆၀။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေ၊ (သမီး)မအေးအေးဟန်၊ မခင်ချိုရီ၊ မခိုင်ခင်ရီမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၁။ | ကွယ်လွန်သူဦးခင်မောင်ကျိုင်နှင့် ဒေါ်ခင်မကြီးတို့အား ရည်စူး၍ ဦးနေကျော်ကျိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၂။ | မသင်းသန့်ဇွန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၃။ | ကိုနောင်နှင့်ဇနီး မလပြည့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၃၆၄။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်ရွှေအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၃၆၅။ | ကိုအုံ့ကောင်းခနှင့်ဇနီး မယမုံမင်းထက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၃၆၆။ | ဒေါ်ဝင်းဝင်းသိန်းနှင့် ဒေါ်ခင်ဆွေလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၇။ | ကွယ်လွန်သူဦးညွှန့်လွင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၈။ | ဒေါ်စန်းစန်းငွေ၊ ဒေါ်စန်းစန်းမြင့်နှင့် တူ၊ တူမများကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၉။ | ကိုပြည့်ဖြိုးကျော်နှင့်ဇနီး မရွှန်းလဲ့အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသီဟဇော်နှင့်ဇနီး ဒေါ်သက်ဇင်ဦး၊ (သား)မောင်ဟန်ထူးသီဟဇော်၊ မောင်မင်းမြတ်သီဟဇော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၁။ | ကိုဟိန်းထက်နိုင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၂။ | ဦးဖြိုးသက်ဇော်နှင့်ဇနီး ဒေါ်အိအိစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၃။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်စိန်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၄။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၅။ | ဦးလှမြင့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၆။ | ဦးကျော်ခိုင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၇။ | ဦးခင်မောင်ချိုနှင့်ဇနီး ဒေါ်ငွေးငွေးမြင့်၊ (သား)မောင်ဘုန်းပြည့်စုံအောင်၊ မောင်ဉာဏ်မင်းထင်မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၃၇၈။ | ဦးမောင်သန်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၇၉။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ကြင်စီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၀။ | ဦးမြင့်အောင်၊ ဒေါ်ညွှန့်ညွှန့်ရွှေနှင့် ဒေါ်အေးအေးဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၁။ | ဦးသိန်းဝင်းနှင့် ဒေါ်ဝင်းကြည်တို့အားအမှူးထား၍ ဦးဥက္ကာဆန်းနှင့်ဇနီး ဒေါ်အိအိဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်နန်းဟန်နု၊ (သမီး)မဖြိုးရတနာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၃။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်လေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၄။ | ဦးအုန်းမောင်နှင့်ဇနီး ဒေါ်ခိုင်ခိုင်နှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၅။ | ဦးသန့်စင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၆။ | ဦးအောင်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၇။ | ဦးရီထွေးနှင့်ဇနီး ဒေါ်ဝါဝါထိုက်၊ (သား)ဦးသော်တာထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၈။ | ဦးသန့်ဆွေနှင့်ဇနီး ဒေါ်ခင်ခင်လှ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၉။ | ဦးခင်ဇော်မောင်နှင့် ဒေါ်ခင်ခင်သစ်၊ (သား)မောင်ပြည့်ကျော်၊ (သမီး)မကေသွယ်လင်း၊ မောင်ပြည့်သုတမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၀။ | ဦးဖြိုးမောင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၁။ | ဦးစန်းလွင်နှင့်ဇနီး ဒေါ်မာရီယာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၂။ | ဒေါ်တင်တင်ရွှေ၊ (သား)ကိုသက်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၃။ | ဦးကျော်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၄။ | ဦးအောင်ကျော်စိုးနှင့်ဇနီး ဒေါ်စုစုလှိုင်ငွေး၊ (သား)မောင်ကျော်ထွဋ်ခေါင်၊ (သမီး)မနှင်းယမုံအေး၊ မသဒ္ဒါထွဋ်ခေါင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၅။ | ဦးကျော်ဝေနှင့်ဇနီး ဒေါ်ယဉ်ယဉ်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၆။ | ဦးမြင့်ဝေနှင့်ဇနီး ဒေါ်သဇင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၇။ | ဦးအောင်ဟိန်းနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၈။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးအေးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၉။ | ကွယ်လွန်သူ ဦးမန်းမောင်မောင်ဉာဏ်အားရည်စူး၍ ဒေါ်ကြင်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၀။ | ကွယ်လွန်သူဦးခင်မောင်အုံးအားရည်စူး၍ ဦးငြိမ်းချမ်းကျော်နှင့်ဇနီး ဒေါ်ဝင်းကေသီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၁။ | ကွယ်လွန်သူ ဦးပြူးအားရည်စူး၍ ဒေါ်သန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၂။ | ကွယ်လွန်သူဦးဉာဏ်ရှင်အားရည်စူး၍ ဒေါ်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၃။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးမောင်ငွေနှင့် ဒေါ်လှတင်တို့အားရည်စူး၍ သမီးဒေါ်သန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၄။ | ကွယ်လွန်သူဦးခင်သိန်းအားရည်စူး၍ ဒေါ်စံနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၅။ | ကွယ်လွန်သူဦးအေးဆွေနှင့် ဒေါ်ခင်အေးတို့အားရည်စူး၍ ဒေါက်တာတင်မျိုးမျိုးဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၆။ | ကွယ်လွန်သူဦးဝင်းလှိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးကြည်မင်းဟန်** **၀၉-၆၇၀၇၅၈၈၄၇**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**ပျောက်ဆုံးကြောင်း**

သိန်းသိန်းငွေ(ဘ)ဦးသန်းထွန်း ၁၂/လသယ(နိုင်)၀၂၄၃၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 842026)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၆၄၂၆၁၅၃

**ပျောက်ဆုံးကြောင်း**

ဦးမင်းဇော်(ဘ)ဦးအေး ၁၂/သဃက(နိုင်)၀၉၃၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 447582)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၆၉၃၁၈၃၉

**ပျောက်ဆုံးကြောင်း**

ထက်ပိုင်စိုး(ဘ)ဦးစံသောင်း ၁၄/ဟသတ(နိုင်)၃၅၃၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

မီမီကျော်(ဘ)ဦးထိန်ဝင်း ၁၄/ဟသတ(နိုင်)၃၅၀၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**မွေးသက္ကရာဇ်အမှန်**

ဘားအံမြို့၊ အ.ထ.က(၄)Grade-12 အခန်း(B)မှ မောင်သစ်ဆန်းအောင်၏မွေးသက္ကရာဇ်အမှန်မှာ (၂၅-၁-၂၀၀၈)ဖြစ်ပါကြောင်း။ (၂၅-၁-၂၀၀၈)

**ဖခင်အမည်မှန်**

ဘားအံမြို့၊ အ.ထ.က(ဂျိုင်း) Grade-6 မှ မဆောင်းနှင်းဖွေးဖွေး၏ဖခင်ဦးဆန်းထိုက်ဝင်း၏အမည်မှန်မှာ ဦးစန်းထိုက်ဝင်း ၃/ဘအန(နိုင်)၂၃၈၅၃၅ ဖြစ်ပါကြောင်း။ ဦးစန်းထိုက်ဝင်း

**ပျောက်ဆုံးကြောင်း**

လှမြင့်(ဘ)ဦးစောမောင် ၁၂/ပဇတ(နိုင်)၀၀၁၂၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၈၂၉၈၇

**ပျောက်ဆုံးကြောင်း**

ကြည်ကြည်အေး(ဘ)ဦးဗိုလ်စိန်ထွန်း ၁၂/ဗတထ(နိုင်)၀၀၀၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၃၃၂၅၇

**စာပေမြင့်မှ လူမျိုးတင့်မည်**


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်ရဲ့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (မှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

# တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ







ညောင်ခါးရှည် အမြဲတမ်း စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။







ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၈ ရက်နှင့် ၂၉ ရက်**တို့တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာနှင့် သိမ်အင်းရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(၄၄)ဂါလန်၊ ဓာတ်ဆီ(၉၈)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၉၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၃၀ ရက်**တွင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နယ်မြေခံတပ်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၈ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ သာယာကုန်းကျေးရွာ၊ ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ်(၉)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၃၉)မျိုး၊ လူသုံးကုန်ပစ္စည်း(၂၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်၆၉၃၆၁၆၆၉၃)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Hino Ranger Truck (၁)စီး၊ Yutong Bus (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီး၊ Scania Tractor Head (၁)စီး၊ Dong Feng Tractor Head(၁)စီး၊ DAF Tractor Head (၂)စီး၊ Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၆)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်မြေခံတပ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Lifan Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၁၃၆၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၄၄၉၂၈၉၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ်နှင့်မြိတ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀)**ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ တော်ဝင်ဆိပ်ကမ်းတံတား၌ လုပ်ငန်းသုံးပစ္စည်း(၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၄၈၇၁၁)ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၅၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Express (၁)စီး၊ Yutong Express (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၉၉၇၁၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၃၁ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၇)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၇)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင်ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၆၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၅၁၃၂၆၀၄)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

---

၁-၉-၂၀၂၅

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပြည် | ၅ | ဒသမ | ၃၅ | လက်မ | ကြို့ပင်ကောက် | ၃ | ဒသမ | ၉၀ | လက်မ |
| ဘားအံ | ၅ | ဒသမ | ၃၁ | လက်မ | ပိုင်ကျုံ | ၃ | ဒသမ | ၇၅ | လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | | | ဘီးလင်း | ၃ | ဒသမ | ၅၈ | လက်မ |
| ဘားအံ | ၅ | ဒသမ | ၂၄ | လက်မ | သိမ်ဇရပ် | ၃ | ဒသမ | ၅၈ | လက်မ |
| မဒေါက် | ၄ | ဒသမ | ၇၂ | လက်မ | ချောင်းဆုံ | ၃ | ဒသမ | ၅၄ | လက်မ |
| သထုံ | ၄ | ဒသမ | ၇၂ | လက်မ | ကော့သောင်း | ၃ | ဒသမ | ၃၁ | လက်မ |
| ရွှေကျင် | ၃ | ဒသမ | ၉၄ | လက်မ | ရေး | ၃ | ဒသမ | ၃၁ | လက်မ |

## ၁-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၂၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၃၆-၃၀၃၃၁၊ ၀၁၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

**အမည်ပြောင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက်(၇)အခန်း(၀၄)နေ အဘ ဦးလွင်မောင်မောင် ၁၂/မရက(နိုင်)၁၃၂၈၈၂ ၏သား မောင်ဝေလျံထက်အား မောင်လွင်ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လွင်ဘုန်းမြတ်**

---

**ပျောက်ဆုံးကြောင်း**

ဘုန်းမြတ်ဇော်(ဘ)ဦးသာထူးအောင် မွေးစာရင်းအရ ၁၅-၂-၂၀၂၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၅၂၄၃၈

---

**ပျောက်ဆုံးကြောင်း**

ဇမ္ဗူသီရိ... ဇန်းမော်မြို့နေ ဦးအောင်လွင်ဦး(ဘ)ဦးအောင်သိန်း ၉/ဇမန(နိုင်)၀၄၃၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

---

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မြို့ဦးအမှတ်(၉၁)အခြေခံပညာမူလတန်းကျောင်း Grade-6(အောင်)မှ မောင်ချစ်မင်းကျော်၏ဖခင် ဦးသိန်းနိုင်၏အမည်မှန်မှာ ဦးမောင်တိ ၈/တတက(နိုင်)၁၁၀၆၈၆ ဖြစ်ပါကြောင်း။ **ဦးမောင်တိ**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ ပိန်းဆန်းရပ်ကွက်၊ ဝမ်မိုင်(ကွက်သစ်)နေ မမိုးမိုးစန်း ၁၃/မပတ(နိုင်)၀၃၆၉၉၂ ၏ဖခင် ဦးစန်းအေးနှင့် ဦးဆန်းအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစန်းအေး(ခ)ဦးဆန်းအေး**

---

**ပျောက်ဆုံးကြောင်း**

မောင်အန်ထော်နီ(ဘ)ဦးပီးအို(ခ)စိုင်းအောင် ၁၃/ကတန(နိုင်)၁၅၇၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၂၈၁၆၃၈၂**

---

**မိခင်အမည်မှန်**

ဘားအံမြို့၊ အ.ထ.က(ဘားကပ်)Grade-12 မှ နန်းမိုးသကြာ်မြင့်၏မိခင်အမည်မှန်မှာ ဒေါ်နန်းတင်ရီ ၃/ဘအန(နိုင်)၀၄၁၁၀၅ ဖြစ်ပါကြောင်း။

**ဒေါ်နန်းတင်ရီ**

---

**အမည်မှန်**

ဘားအံမြို့၊ အ.ထ.က(ဘားကပ်)Grade-12 မှ မရွှေစင်အိ၏အမည်မှန်မှာ မရွှေဇင်အိ ဖြစ်ပါကြောင်း။

**မရွှေဇင်အိ**

---

**မွေးသက္ကရာဇ်အမှန်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ယင်းတော်) Grade-12(B) မှအဘ ဦးစိုးလင်း၏သမီး မခင်ရတနာမိုး၏မွေးသက္ကရာဇ်အမှန်မှာ ၂၉-၉-၂၀၀၆ ဖြစ်ပါကြောင်း။ ၂၉-၉-၂၀၀၆

---

**ပျောက်ဆုံးကြောင်း**

မောင်ရဲထွန်း(ဘ)ဦးစိန်ဝင်း ၈/နမန(နိုင်)၁၆၆၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 994830)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

---

**ပျောက်ဆုံးကြောင်း**

သင်းဝေအောင်(ဘ)ဦးညွန့်ဝေ ၁၂/ဒလန(နိုင်)၀၅၅၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 891754)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

---

**ပျောက်ဆုံးကြောင်း**

လှဲ့လှဲ့ဝင်း(ဘ)ဦးဝင်းမြင့် ၇/အတန(နိုင်)၁၄၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 097692)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၇၅၁၁၉၈**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းနှင့်သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေတို့ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော **ဓာတ်ခွဲခန်းသုံးပစ္စည်း၊ အခြားရုံးသုံးစက်ပစ္စည်းများနှင့် အခြားလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို** မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက် | - | (၁-၉-၂၀၂၅)ရက်နေ့မှ (၁၄-၉-၂၀၂၅)ရက်နေ့အထိ |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် အချိန် | - | (၁၄-၉-၂၀၂၅)ရက်နေ့ ညနေ(၁၆:၃၀)နာရီအချိန်ထိ |
| တင်ဒါတင်သွင်းရန်နေရာ | - | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ကြော်ငြာသင်ပုန်းတွင် ပါရှိသည့်ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**

**ဖုန်း-၀၆၇၃-၄၀၃၈၇၉**

---

**ပျောက်ဆုံးကြောင်း**

မဝေစုလှိုင်(ဘ)ဦးမြလှိုင်ဦး ၁၄/ဝခမ(နိုင်)၂၈၂၆၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

---

**ပျောက်ဆုံးကြောင်း**

ခရစ်ဆောမ်သလွား(ဘ)ဦးမန်းဟရန်ဆွမ်း ၅/ကလထ(နိုင်)၃၂၄၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

---

**ပျောက်ဆုံးကြောင်း**

ယဉ်ယဉ်သွယ်(ဘ)ဦးထွန်းရှိန် ၁၂/ရကန(နိုင်)၀၂၁၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

---

**ပျောက်ဆုံးကြောင်း**

ဝင်းမင်းကို(ဘ)ဦးဗိုလ်ခင် ၈/ပခက(နိုင်)၃၁၈၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 903799)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၀၁၄၂၅၂**

---

**တစ်ဦးတည်းဖြစ်ကြောင်း**

ဘားအံမြို့၊ ဆေးရုံဝင်းနေ နော်အားညို(ခ)နော်ဂရေ့စ် ၃/ကဆက(နိုင်)၀၀၃၃၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နော်အားညို(ခ)နော်ဂရေ့စ်**

---

**ပျောက်ဆုံးကြောင်း**

ဌေးဌေးဝင်း(ဘ)ဦးအိုက်ကော် ၁၃/နဆန(နိုင်)၀၄၅၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

---

**ပျောက်ဆုံးကြောင်း**

ဇင်မင်းထွဋ်(ဘ)ဦးစိုးတင့် ၁၄/အဂပ(နိုင်)၂၂၀၁၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

---

**ပျောက်ဆုံးကြောင်း**

ခင်မျိုးမျိုးထွန်း(ဘ)ဦးမျိုးဝင်း ၇/ပခန(နိုင်)၄၆၀၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၃၄၀၅၆၀**

---

**ပျောက်ဆုံးကြောင်း**

ဇင်မင်းဦး(ဘ)ဦးလောဟိုက် ၉/မကန(နိုင်)၁၈၆၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၅၀၂၀၃၂**

---

**ပျောက်ဆုံးကြောင်း**

သဲနုဝေ(ဘ)ဦးမျိုးအောင် ၃/ဘအန(နိုင်)၂၇၅၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 832770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နမ့်ခမ်းမြို့နယ်၊ အ.ထ.က(၁)မှ အလယ်တန်းပြဆရာမ အဘ ဦးဆိုင်ဟိန်း၏သမီး ဒေါ်နန်းခင်အေးမြင့် ၁၃/နခန(နိုင်)၀၀၃၃၇၈ နှင့် ဒေါ်နန်းဇင်မင်းခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နန်းခင်အေးမြင့်(ခ)ဒေါ်နန်းဇင်မင်းခိုင်**

---

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ချောင်းရင်းကျေးရွာနေ မချိုချိုဝင်း(ဘ)ဦးမြင့်နိုင် ၇/ညလပ(နိုင်)၁၉၈၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၉၀၅၂၃၇၈

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်နန်းလှသိန်း**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ (ဦးကြာငြိမ်း)-ဒေါ်မြအေးတို့၏ဒုတိယသမီး၊ ဦးမြင့်အောင်-ဒေါ်နန်းရွှေညွန့်တို့၏ ညီမ၊ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဒေါ်နန်းခင်လှဝင်း၊ ဦးအောင်နိုင်ဝင်း-ဒေါ်ခင်ခင်ဦး၊ ဦးလင်းထင်-ဒေါ်နန်းခင်သန်းထွေးတို့၏အစ်မ၊ ဇင်ဘိုဦး-သီရိခေတ်ဦး၊ ဟိန်းထက်အောင်-ထက်နော်ဇာမွန်၊ သီရိထက်အောင်၊ ဝေယံချမ်းမြေ့တို့၏ချစ်လှစွာသောအဒေါ် ဒေါ်နန်းလှသိန်းသည် ၁-၉-၂၀၂၅ ရက်(တနင်္လာနေ့)နံနက် ၀၃:၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၂၅ ရက်(သောကြာနေ့) နံနက် ၀၈:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၊ ငြိမ်းအေးဇရပ်မှ ကျွေ့ကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ပျောက်ဆုံးကြောင်း**

အုတ်တွင်းမြို့နယ်၊ ဝွေးတောက်ခင်ရွာနေ လဲ့လဲ့အောင်(ဘ)ဦးသိန်းဝင်း ၇/အတန(နိုင်)၁၀၈၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

# ၂၀၂၅ ခုနှစ် စက်တင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၈ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁၇ မီလီမီတာမှ ၂၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၇ မီလီမီတာမှ ၃၆ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၃၇ မီလီမီတာမှ ၄၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် (ခြောက်သွေ့)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

(မိုး/ဇလ)

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင်ရောက်ရှိမည့် နေ့ထူးနေ့မြတ်ဖြစ်သော တော်သလင်းလပြည့်နေ့ (ဂုရုဓမ္မအခါတော်နေ့)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘာသာရေးဆိုင်ရာ ကာလပေါ်/ဓမ္မတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များစုပေါင်း၍ (၅-၉-၂၀၂၅)ရက် (သောကြာနေ့)ညတွင် **"မေတ္တာတေးသံ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအားလေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၅-၉-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မေတ္တာတေးသံ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မင်္ဂလာ(၁၂)ပါး | ပြင်ပအဆိုရှင် |
| ၂။ | ပဋ္ဌာန်း | ပြင်ပအဆိုရှင် |
| ၃။ | မေတ္တာကြေးမုံ | ပြင်ပအဆိုရှင် |
| ၄။ | မြန်မာ့ကျက်သရေ | ဌာနအဆိုရှင် |
| ၅။ | ခုကောင်းမှနောင်ကောင်း | ဌာနအဆိုရှင် |
| ၆။ | မေတ္တာသည်သာအမြတ်ဆုံး | ပြင်ပအဆိုရှင် |
| ၇။ | သူ့အလုပ်ကိုယ့်အလုပ် | ပြင်ပအဆိုရှင် |
| ၈။ | အလာလမ်းသာ၍ အပြန်လမ်းလှစေ | ပြင်ပအဆိုရှင် |
| ၉။ | စံပယ်ပန်း | ပြင်ပအဆိုရှင် |
| ၁၀။ | မေတ္တာတေးသံ | ပြင်ပအဆိုရှင် |

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၄-၈-၂၀၂၅ ရက် ည ၈ နာရီမှ ၃၁-၈-၂၀၂၅ ရက်ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၀ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ တိုင်းပြည်၏ စည်းလုံးညီညွတ်မှု ဟန်ချက်ညီရပ်တည်မှုများပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန်လိုအပ်...

❖ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ်ပါဝင်ကြရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင်ပြုလုပ်သော အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့်တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Thongloun Sisoulith နှင့် ယနေ့ဒေသစံတော်ချိန် နေ့လယ် ၁၂ နာရီတွင် တီယန်ကျင်းမြို့ရှိ Renaissance Tianjin Lake ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီးတွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၁၇ ကော်လံ ၃ ❑

### ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး၌ ပြည်တွင်းပြည်ပသတင်းထောက် ၃၀၀၀ ခန့် သတင်းရယူတင်ဆက်လျက်ရှိ

စာ - ၁၆ သို့

### မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဗိုရမ်-၂၀၂၅ မှ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဗိုရမ်ကြေညာစာတမ်းထုတ်ပြန်

စာ - ၁၅ သို့

ဆောင်းပါး

### မှန်ကန်သောမဲစာရင်းရရှိရန် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရမည်

စာ - ၁၃ သို့

### လေပွေလှိုင်းပိုမိုအားကောင်းလာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်

စာ - ၁၂ သို့